

တော်ဝင်မိန်းမ

# တော်ဝင်မိန်းမ

## သျှင်မ

စာဖတ်သူများသို့ ပန်ကြားချက်

ကျွန်မကိုယ်တိုင် ရေးသားသော သျှင်မကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက်စာပေ တစ်ခုတည်းမှသာ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

သျှင်မကလောင်ဖြင့် ယခင်က ရေးသား ထုတ်ဝေခဲ့သော စာအုပ်များနှင့် ပတ်သက်၍ လည်းကောင်း ပတ္တမြားသိုက်စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များနှင့် ပတ်သက်၍ လည်းကောင်း Online Media များပေါ်၌ Screenshot များတင်ခြင်း၊ Linkများ ပြုလုပ်၍ တင်ခြင်း၊ PDF ဖိုင်များ ပြုလုပ်၍တင်ခြင်း၊ Application များ ပြုလုပ်ပြီး Download ဆွဲ၍ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ်ဖြန့်ချိခြင်း၊ တခြားသော နည်းအမျိုးမျိုးဖြင့် ကူးယူဖြန့်ချိခြင်း များကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့်မရှိကြောင်း ပန်ကြားအပ်ပါသည်။

သျှင်မ

***

## အခန်း (၁)

ရူး ...၊

ခါးလောက်ရှိသည့် ဆံပင်တွေကို တစ်ခေါင်းလုံး ကောက်ထားသဖြင့်

မြွေလိမ်မြွေကောက်ပုံ ပေါ်နေသည့်ဆံပင်က ကျောထက်မှာ နည်းတဲ့အုံကြီး မဟုတ်။ ပြီးတော့ ဆံမြိတ်လည်းမထား၊ ကကြီးပုံ နဖူးလှလှလေးကနေ အလယ်ခွဲချထားသည့် ဆံပင်ရှည်တွေက ကျောနဲ့ရှေ့နဲ့ တစ်တန်းတည်းဖြစ်ကာ သူမကို ကြည့်လိုက်ရင် ဖိုးရိုးဖားရားပုံ ရှိနေတတ်ပေမဲ့ သူမသည် ကာတွန်းရုပ်လေးနဲ့ တူအောင် ချစ်ဖို့ကောင်း၏။ ခူးဆိုသည့် မိန်းကလေးမှာ မကောင်းတာက သူမဘဝပဲ ဖြစ်လေသည်။ သူမသည် မိဘမဲ့လေးဖြစ်ကာ ...၊

"နင် ဘွဲ့ရထားတာပဲခူးရယ် ... မြို့ကနေ တောကို သွားပြီးတော့များ ..."

"ငါ့ရစရာ ရှိလို့လေ ... "

"အမွေအနှစ်ဆိုတာ မိဘက ပေးတဲ့သူပဲရတာ ပေးတယ်ဆိုတာတောင် ဘယ်သားသမီးကို ပိုပေးမယ် ဘာညာတွေရှိတာ နင်မကြားဖူးဘူးလား၊ ပြီးတော့ ..."

"ဟား ... နည်းနည်းနားပြီးမှ ပြောပါလား ... "

ခူးက နားငြီးသည့် ပုံစံနှင့် နားကို လက်ညှိုးနဲ့ ကလိသလို လုပ်ပစ်ပြီး ရှုံ့မဲ့နေလျက် ...၊

"ငါ့အဖေက ငါ့ကိုလာစေချင်လို့ ခေါ်တာ၊ ပြီးတော့ သူကျန်းမာရေး မကောင်းဘူး အဲဒါ ငါ့ကို အမွေပေးဖို့အပြင် ဘာရှိလို့လဲ"

"တိုးတိုးပြောပါဟဲ့၊ အမလေး သူမကြိုက်တာများ ပြောလိုက်မိရင် လေသံကချက်ချင်း"

"သိရင်လည်း ကြိုက်တတ်တာလေးတွေ ရွေးပြောဖို့ သတိရ ..."

ဆန်းဆန်းက မျက်စောင်းထိုးပြီး တစ်ဖက်လှည့် ထိုင်သည်၊ ပြီးတော့ နာရီကြည့်ကာ ...၊

"ကားထွက်ဖို့က လိုပါသေးတယ်၊ နင်စဉ်းစားပါဦး ခူးရယ် ..."

သူငယ်ချင်းကို ဒေါသလည်း မထွက်နိုင်၊ ပြီးတော့ စိတ်လည်း မချနိုင်ပါ။ ကျောင်းပြီးသွားပေမဲ့ သူမကသာ အလုပ်ဝင်ခဲ့ပေမဲ့ ခူးကို အလုပ်လုပ်ဖို့ ပြောတိုင်း ဘယ်တော့မှမရ၊ ပြီးတော့ ပြောသေးသည်။

"ငါနဲ့တွဲလုပ်ရင် နင်ဒုက္ခရောက်မှာစိုးလို့" တဲ့။

တစ်ခါတလေ 'ငါ အလုပ်လုပ်ဖို့ လိုနေပြီ' လို့ပြောသည်၊ မကြာခင် အလုပ်လုပ်နေပြီလို့လည်း ကြားသည်။ သို့သော် မကြာခင်မှာပဲ 'ငါမလုပ်ချင်တော့ဘူး' ဆိုသည့် အသံက တွဲလျက် ပါလာတတ်၏။ ခူးဟာ သူများအလုပ်ကို လုပ်ဖို့ သူမကိုက ကံမပါလာတာလား၊ ဒါမှမဟုတ် သူမစိတ်ကိုက ဒုက္ခပေးနေတာလား မသိ၊ အလုပ်ကို မပြောနှင့် သူများအိမ်မှာ နေရတာတောင် သင့်တင့်လျှောက်ပတ်အောင် မနေတတ်တဲ့သူ။

"နင်ကလည်း နင်ပဲလေ၊ သူ့သမီးတွေ သူတို့ဘာသာ ဘယ်လိုနေနေ ဝင်မပြောနဲ့ပေ့ါ၊ မိဘဆိုတာ သူတို့ဟာသူတို့ စိတ်ဆိုးလို့ မြွေပွေးကိုက်ပါစေ၊ ကာလနာ တိုက်ပါစေနဲ့ ကျိန်ဆဲနေရင်တောင် သူများမကောင်းပြောရင် နည်းနည်းမှ မကြိုက်တဲ့အမျိုး"

"ဘာအမျိုးအစားလဲ မသိဘူးလေ၊ မပြောစေချင်ရင် ငါနဲ့လည်း ကင်းအောင်နေပေ့ါ၊ လူကိုကျတော့ 'လမ်းပျော်မ'လို့ မစာမနာခေါ်တယ်၊ အဲဒီ လမ်းပျော်မ ကြိုးစားပမ်းစား ရှာဖွေစားနေရတဲ့ထဲက ချေးပါဦး၊ ငှားပါဦးဆိုပြီး တစ်သက်လုံးက မကင်းလာတာ ဘယ်သူတွေလဲ ....."

ဦးလေးမိသားစုနဲ့ ခူးက အတူနေရသည်။ သူမငယ်စဉ်ကတော့ အဒေါ် အငယ်ဆုံးလည်း ရှိနေသေးကာ၊ အဒေါ်က ရာသီပေါ် သီးနှံတွေ တွန်းလှည်းနဲ့ လည်ရောင်းတာမို့ တူဝရီးနှစ်ယောက် လောက်ငတဲ့အပြင် ကျောင်းစရိတ်ဆိုတာလည်း မပူပင်ရ၊ ခူး ခုနစ်တန်းအောင်စာရင်း မထွက်ခင် အဒေါ်က

အစာအိမ်ရောဂါနဲ့ အိပ်ရာထဲလဲခဲ့ပြီး သူမ မဆုံးခင်မှာ အစ်ကိုအကြီးဆုံး ဖြစ်သူထံ ခူးနဲ့ အိမ်နဲ့ခြံကို အပ်ထားခဲ့သည်။

"အိမ်နဲ့ခြံကို ကလေးရဲ့ စားဝတ်နေရေးနဲ့ ကျောင်းစရိတ်အဖြစ် အစ်ကိုယူ လိုက်ပါ၊ ကလေးကိုတော့ ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်တဲ့အထိ စောင့်ရှောက်လိုက်ပါ အစ်ကိုရယ် ..."

ခူးမျက်စိထဲ ခုထိမြင်နေပါသေးသည်။ ထိုစဉ်တည်းက သံယောဇဉ်နည်း သည့် ဦးလေးဦးထွန်းမြိုင် မျက်နှာကြီး ရှုံ့မဲ့နေကာ ...၊

"မိဘမှ မရှိတော့တာ နင်လည်း မရှိတော့ရင် ငါ့တာဝန် ကျလာမှာပဲ ပေ နှစ်ဆယ်ကျော် ခြံနဲ့လေး တစ်ဖက်ယပ် တဲစုတ်လေးကို တန်ဖိုးတပ် ပြောမ နေစမ်းပါနဲ့ ..."

ဆိုပြီး ဒေါ်လေးဆုံးသွားတာနဲ့ ဝါးခြံကိုဖြုတ်ပြီး ကျောက်တိုင်တွေ ချက်ချင်းစိုက်၊ သံစူးကြိုးတွေခတ်၊ ပြီးတော့ တစ်နှစ်မကြာလိုက်ဘဲ ချက်ချင်း အိမ်ထဆောက်ပြီး အိမ်ငှားတွေ တင်ပစ်သည်။ ခုတော့ အကြီးဆုံး သမီးမိသားစုတို့ကို ပေးထားလိုက်ပါပြီ။

ခူးအပေါ်ဆို တစ်အိမ်လုံးရဲ့ ခိုင်းဖက်လိုထားသည်။ ခူးကလည်း အမြဲတမ်း ကလန်ကဆန် လုပ်တတ်သူမို့ ပြောစကား နားမထောင်တာကို လူကြား အောင်အော်ပြီး ထမင်းမကျွန်။ ဟင်းမချန်ထားခဲ့သည့် ရက်တွေဆိုတာ မနေ့တနေ့ကထိ မပြီးဆုံးနိုင်။

ခုတော့ သူမဘဝမှာ အဖေဆိုသည့် မျှော်လင့်ချက် ရောင်ခြည်လေးတစ်စ ပေါ်လာပြီ။

"နင့်အဖေဆီက လူကြုံလာသွားတယ်၊ သူ့သမီးကို တွေ့ချင်လို့တဲ့ ဟောဒီ မှာလိပ်စာ"

ဘယ်တုန်းတည်းက မောင်းထုတ်ချင်နေသည် မသိ၊ အိမ်ထဲတောင် မဝင်ရသေးမီ ဖိနပ်ချွတ်နေတုန်း ဒေါ်ဇီဇဝါက ထွက်လာပြီး လိပ်စာရေးထားသည့် စာရွက်ကိုပြသည်။ ပြီးတော့ ...

"မြန်မြန်သွားလိုက် ခေါ်နေတုန်းတဲ့"

ဟွန့် ...။

နှစ်ယောက်သား ငြိမ်သွားကြပြီး ခူးက ဟွန့်ခနဲ မဲ့လိုက်တော့ ဆန်းဆန်းက လှည့်ကြည့်၏။ ပျော်ဘွယ်ကိုသွားမည့် ဂိတ်ထဲက ပါစင်ဂျာတွေ ထိုင်သည့်ခုံမှာ ခူးက ဘေးတိုက်ထိုင်လျက် ဆန်းဆန်းက ပုံစံမှန်အတိုင်း ...၊ ထို့ကြောင့် စကားပြောလျှင် ဆန်းဆန်းက ခူးရဲ့ကျောပြင်ကိုပဲ မြင်နေရတာဖြစ်ကာ ...၊

"ဟဲ့ ဘာဖြစ်တာလဲ"

"ရယ်တာလေ၊ ရယ်ချင်လွန်းလို့"

"နင် မဲ့လိုက်တာ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"အဲဒါက ဘာလဲ၊ ငါက စဉ်းစားခိုင်းထားတာကို ဘာကိုမဲ့တာလဲ ..."

"စိတ်တိုလို့ပေါ့ ဆန်းရယ် ..."

ပြောပြီး ဆန်းဆန်းနဲ့ ယှဉ်လျက်သား ဖြစ်သွားအောင် ဆောင့်ခနဲ ရွှေ့ထိုင်လိုက်ကာ ...၊

"နင်မသိသေးတာ တစ်ခုငါပြောပြမယ်၊ အဲဒါကိုသိမှ နင်ပိုပြီး မျက်လုံးပြူးသွားမယ် ..."

"ဟင် ...၊ ဟုတ်လား ဘာလဲ"

ခူးက တစ်ခုခုကို တွေးနေသလို နှုတ်ခမ်းလေးကို ဖိစေ့ပစ်ပြီး ငေး

နေသည်။ ပြီးမှ ဆန်းဆန်းဘက်ကိုငဲ့ ကြည့်၍ ...၊

"ငါ့ကိုအိမ်မှာ မနေစေချင်လွန်းလို့ အဖေကခေါ်တာ မဟုတ်ဘဲ ခေါ်တယ် ဆိုပြီး လွှတ်တာလေ ..."

"ဟင် ..."

"ငါ့ကိုငတုံးမှတ်လို့"

"ဘယ်လိုခူး၊ နင့်ကိုမခေါ်ဘူး ဟုတ်လား ...၊ မခေါ်ဘဲနဲ့ နင်က သွားမှာ"

"အင်း ..."

"တမင်ကြီး ချောက်တွန်းတာကို နင်က ...."

"ငါကတော့ နတ်ပြည်ပို့တယ်လို့ပဲ မှတ်တယ်"

"ခူးရယ် ..."

ထိုနေ့က ခူးအပြင်က ပြန်လာတော့၊ အိမ်မှာ အဝတ်လာလျှော်ပေးတဲ့ အဒေါ်ကြီးက အိမ်ရှေ့တန်းမှာ အဝတ်လှန်းနေရင်း နှုတ်ဆက်လိုက်လို့ ...၊

"ခူးက ပျော်ဘွယ်သွားမလို့ဆို၊ ဟိုမှာနေမှာလား"

"မသိသေးပါဘူး ဒေါ်ကြီးရာ၊ အဖေကတွေ့ချင်လို့ ခေါ်တာလေ၊ ဟိုရောက်မှပဲ"

ပြောပြလိုက်တော့ ဒေါ်သန်းမြဆိုသည့် အဒေါ်ကြီးက မျက်မှောင်ကုတ်သွားပြီး စဉ်းစားသလို ကြည့်နေသည်။ ပြီးမှ သူမ ပြောပြတာက အိမ်ကို ဧည့်သည်လာသွားသည် ပျော်ဘွယ်က အဖေတို့အသိ ဆိုတာလည်း မှန်သည်။ သို့သော် ဧည့်သည်ကို ဒေါ်ဇီဇဝါကိုယ်တိုင် ခေါ်လာတာ ဖြစ်ကာ၊ "ခူးရဲ့အဖေကလည်း သူ့သမီးအကြောင်း မကြာမကြာ ပြောပါတယ်" ဆိုသည့် စကားကို လောကဝတ် စကားအရ ဘာရယ်မဟုတ်ဘဲ ပြောသွားတာမျိုး ...၊

ဒါကို ဒေါ်ဇီဇဝါက လက်ဖက်တွေသုပ် အအေးတွေ ပြေးဝယ်တိုက်ပြီး လိပ်စာတွေဘာတွေ တောင်းထားလိုက်တာ ဖြစ်သည်။

"ညွှ့်သည် ရောက်လာတော့ ဒေါ်ကြီးက ခန်းဆီးလိုက်ကာတွေ တပ်နေတာလေ၊ ပြီးတော့ ကြမ်းတိုက်တယ်၊ ညွှ့်သည် ပြန်သွားတဲ့အထိ ဒေါ်ကြီးတောက်လျှောက်ရှိတယ်၊ အဲဒါကြောင့် အကုန်ကြားနေတာပေ့ါ၊ ဒေါ်ကြီးပြောတာလို့ မပြောနဲ့၊ ကိုယ့်အလိမ္မာနဲ့ ကိုယ်နေပြီး မသွားချင်ဘူးလို့ ငြင်းလိုက်ခူး တောကလူတွေတောင် မြို့မှာ အလုပ် လုပ်နေကြတာကို၊ ကိုယ်က ဘာဖြစ်လို့တောကို သွားရမှာလဲ၊ မဟုတ်ဘူးလား ဒေါ်ကြီးပြောတာက ကိုယ့်အဖေကမှ လိုလိုချင်ချင် ခေါ်တာဆိုရင် တော်သေးတယ် ..."

ခူး ပြန်ပြောပြလိုက်တော့ ဆန်းက တအံ့တဩ။

"ဒေါ်ဇီဇဝါကြီးက မထင်ရဘူးနော်၊ အဲဒါ နင့်ဦးလေးကရော မသိဘူးလား"

"သိချင်လည်း သိမှာပေ့ါ၊ စိတ်မဝင်စားပါဘူး"

သူမအတွက်က ဘယ်မှာနေရနေရ ကိုယ့်ဝမ်းကိုယ် ကျောင်းရမှာကို နှလုံးမူထားပြီးသား၊ လောလောဆယ် ရန်ကုန်မှာ သူမအဆင်မပြေမှုတွေ များနေသည်။ အဆင်ပြေမပြေ မသိရသေးသည့် နေရာသစ်ကို စိတ်ဝင်စားနေသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ငတုံးစာရင်း သွင်းခဲ့တာဖြစ်သည်။ ပြီးတော့ ဒီမှာကိုယ်က အညာခံလိုက်ရသလို ဟိုမှာဆက်ညာမည်။ အနည်းဆုံးတော့ မျက်နှာတောင် မမှတ်မိနိုင်လိုက်သည့် အဖေဆိုတာကို သူမမြင်ရလိမ့်မည်။

"ခူး ... နင် စဉ်းစားသင့်တာတွေ ပိုများလာပြီနော်၊ နင့်ကျမှဟယ် နောက်မိန်းမယူသွားတဲ့ အဖေကို ခြေသလုံး ပြေးဖက်ရမယ်လို့၊ သူများတွေဆို အဖေလုပ်သူက မောင်မောင်ဘဘ လာလုပ်ရင်တောင် စိတ်နာပြီး လှည့်

မကြည့်ကြဘူး"

"ဘာလဲ ဇာတ်လမ်းတွေ ထဲမှာလား"

ပြောလိုက်ရင်ဒီတိုင်း ...၊

သူမကို ဘယ်လိုနည်းနဲ့ ပြန်ခေါ်ရပ့ါမလဲလို့ စဉ်းစားရင်း ကားဂိတ်ဝင်း ကြီးထဲကို လှမ်းငေးနေမိသည်။ တစ်ခုခု ဆုံးရှုံးသွားလိမ့်မယ်လို့ အကြောင်းပြရအောင် ခူးဆိုတဲ့ တစ်ကောင်ကြွက် ကောင်မလေးမှာ ဘာမှမ ရှိသည့်အတွက် ဆုံးရှုံးစရာလည်း ဘာမှမရှိ။ မက်လုံးပေးဖို့ တွေးကြည့် တော့ ပိုဝေးသွားသည်။ ခူးရဲ့စိတ်မျိုးနဲ့ ဟိုကိုရောက်သွားလည်း ဟိုက မိသားစုနဲ့ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ပေ။ ဒါဆို ဘယ်လိုလုပ်မလဲ။ ဒီ ကနေ သူမထွက်သွားပြီဆိုလျှင် ပြန်ဝင်လာဖို့ဆိုတာ မလွယ်။

"ခူး ... နင့်အဒေါ် စိတ်ပုပ်ပုံမျိုးနဲ့ နင်ဟိုမှာ အဆင်မပြေခဲ့ရင် ..."

"ပြန်လာဖို့လည်း စိတ်မကူးဘူး၊ ပြန်လာခဲ့ရင်လည်း သူတို့ဆီ ခေါင်းတိုးမ ဝင်ဘူး ဆန်း၊ ခုခေတ်ကြီးမှာ မိန်းကလေး တစ်ယောက်တည်းနေလည်း လုံခြုံနွေးထွေးတဲ့ နေရာတွေ အများကြီး အဲ့မှာ ကိုယ့်ဝမ်းကိုယ် ကျောင်းနေ ကြတဲ့ မိန်းကလေးတွေ ဒုနဲ့ဒေး၊ ကဲပါ စကားတွေ လွှဲမနေစမ်းပါနဲ့၊ ငါ့ကို ပိုက်ဆံမချေးနိုင်ဘူးမို့လား၊ လိုရင်းပဲပြော"

"မချေးနိုင်ဘူးဆို ရှိကိုမရှိတာပါ ခူးရယ်၊ ဒါပေမဲ့ ရှိသမျှတော့ အကုန် ယူလာခဲ့တယ်၊ တကယ်ပါ ငါမညာပါဘူး အန်တီဆင့်ဆီမှာရော မအေးမြင့် ဆီမှာရော ငါလုံးဝချေးလို့ မဖြစ်လို့ပါ၊ မအေးမြင့်က အမေတို့နဲ့မတည့်ဘူး၊ အန်တီဆင့်ကလည်း ငါပိုက်ဆံချေးလိုက်တာနဲ့ အိမ်ကို တန်းပြန်ပြောမှာဟ အလုပ်ထဲမှာ ချေးကြည့်တာလည်း ..."

"ကဲပါ၊ တော်ပါပြီ နင့်ရဲ့ ရှိစုမဲ့စုကိုလည်း မလိုချင်တော့ဘူး၊ ခဏလေး ငြိမ်

ငြိမ်နေ၊ ငါ့ရဲ့ ရွှေထွက်တဲ့ ဦးနှောက်ကို အလုပ်ပေးလိုက်ဦးမယ်"

"ခူး ... နင့် ..."

"တိတ်တိတ်နေစမ်း"

ခူး ဒီလိုပြောလိုက်တာနှင့် ဘာလုပ်မလို့ဆိုတာ ဆန်းချက်ချင်း သိလိုက်သည်။ ထိုကိစ္စနှင့် ပတ်သက်သည့် ခူးရဲ့ ဂုဏ်သတင်းလေးတွေ ကိုလည်း တစ်ဆက်တည်း တွေးလိုက်မိ၏။

"အဲဒီကောင်မလေးက ခါးပိုက်နှိုက်ရမလား၊ အလစ်သုတ်ရမလား သူ လိုချင်လာရင် ရအောင်ယူတာ"

"မဝါတို့က ဝမ်းဝရုံပဲ ကျွေးထားတာ ...၊ သူ့တစ်ကိုယ်လုံး လက်လက် တောက်နေတဲ့ ထီး၊ ဖိနပ်၊ အိတ်၊ အဝတ်အစား အဲဒါတွေကဘာလဲ သူ့ တစ်ယောက်တည်း အတွက် ပဒေသာပင် ပေါက်နေတာလား"

အိမ်မှာဆို အမေတို့ အစ်မတို့တွေ ပြောနေကြတာ မကြားချင်မှအဆုံး ဒါတွေကလည်း ကိုယ့်အပြစ်တွေပါ မိန်းကလေးပီပီ ကိုယ့်အတွက် အဝတ်အစား အသုံးအဆောင် ပစ္စည်းလေးတွေဆို လှတာမြင်လျှင် လိုချင်သည်။ အကောင်းဆုံးတွေမှ ကိုင်ချင်သည်။ ဒါပေမဲ့ သူများပစ္စည်းကိုတော့ မသိအောင်ခိုးမယူရဲပါ။ ခူးကတော့ ဘယ်လို လှုပ်ရှားလိုက်မှန်း မသိလိုက်ရဘဲ အိတ်ထဲ ရောက်နေအောင် လုပ်တတ်သူ၊ ခိုးတော့ မခိုးရဲပေမဲ့ ခူးကို အားကျမိတာ အမှန်ပင်။ ဒါ့ကြောင့် ခူးဒီလို လုပ်နိုင်တာတွေ အိမ်မှာ ပြန်ပြောမိ ဆိုမိတာတွေ ...၊

"အေး အဲဒီကောင်မလေးနဲ့ ကြပ်ကြပ်ပေါင်း၊ ကြာရင်အတွဲလိုက် ထောင် ထဲရောက်လိမ့်မယ်"

"ဟုတ်ပ လူက အရုပ်လေးကျနေတာ ဖြူဥနုထွတ်နေတာပဲ အကျင့်က မ

ကောင်းဘူး"

"အဲဒီကောင်မလေး လူလည်းမမိဘူးနော် အကုသိုလ်ကြီးတာလား၊ အကျိုးပေး သန်နေတာလားပဲ ..."

ပြောကြတာတွေမျိုးစုံ။ ဒေါ်ဇီဇဝါတို့ကလည်း ဒီလိုကြားတိုင်း ဆူသည်။ ရိုက်ပုတ် ဆုံးမတာလည်း ရှိသည်။ ဒါပေမဲ့ ခူးကမရ။ ထို့ပြင် ခူးကို တရားဝင် အထင်တကြီး မှီခိုနေကြတဲ့ သူတွေလည်း ရှိသေးသည်။ သူတို့က ဒေါ်ဇီဇဝါတို့ရဲ့ သမီးအမြွှာ ကြွေရုပ်နဲ့ ရွှေရုပ်တို့ ဖြစ်သည်။ သူမတို့ နှစ်ယောက်စလုံး ခူးကချုသည့် အင်္ကျီအဝတ်အစားတွေကို အသေမက်သည်။ မိတ်ကပ်၊ လက်သည်းနီ၊ ဖိနပ်ကအစ ကိုယ့်ဘာသာ ဝယ်နိုင်ဝတ်နိုင်ပေမဲ့ ခူးရဲ့ပစ္စည်းတွေကိုမှ အထင်ကြီး၏။ ဒါတွေ ခူးကပေးကမ်း စွန့်ကြဲတဲ့အထိ စောင့်သည်။ မနေနိုင်လျှင် တောင်းယူသည်။ တစ်ခါတလေ သုံးပြီးသားကိုပဲ အသစ်ဈေးပေးပြီး ပြန်ဝယ်၏။ သူမတို့အမြင်မှာ ခူးက လှနေသလောက် မင်းသမီးတစ်ပါးလို ဖြစ်နေခဲ့၏။ တစ်ခါတလေ မကျေနပ်လာလျှင် အမေဖြစ်သူနဲ့ တို့ထောင်ပေးတတ်ပေမဲ့ ဆိုးဆိုးရွားရွား ပြဿနာတွေတော့ မရှာကြပေ။

ခူးရဲ့ ဂုဏ်သတင်းတွေထဲမှာ ကောင်းတာတွေနဲ့ မကောင်းတာတွေက အချိုးတူပါဝင် နေခဲ့လျက်၊ သူမကတော့ ခူးကို ညီအစ်မရင်းကဲ့သို့ ချစ်သည်။ မကောင်းသတင်း ဆိုတာတွေကိုလည်း မမြင်၊ မကောင်းဘူးထင်ခဲ့တာမျိုးလည်း ဘယ်တုန်းကမှ မရှိခဲ့၊ ခုလည်း သူမသည် ကိုယ့်ရှေ့မှာတင် တစ်လုမ်းချင်း ထထွက်သွားသော်ငြား ...၊

ဟင် ...။

ဆန်း ဘယ်လိုမှမယုံနိုင် ခရီးသည်နားသည့် ထိုင်ခုံတွေဆီ မိသားစုတစ်စု ဝင်လာကြသည်။ ခူးထိုင်ရာကနေ ထထွက်သွားသည် ပန်းသီးတစ်လုံးကို

ကိုက်ဝါးရင်း ဖြည်းဖြည်းချင်း တစ်လှမ်းချင်း။ ဆန်း ပါးစပ်အဟောင်းသား နှင့် ကြည့်နေတုန်းမှာပဲ မှန်တံခါး အဝင်အထွက်နားမှာ အမျိုးသမီးကြီး ချီ ထားသည့် ကလေးမလေး၏ လည်ပင်းက ဆွဲကြိုးလေး ...၊

ဘုရား။

ဆန်း မျက်လုံးပြူးသွားသည်။ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားကာ မျက်နှာပါ လွှဲပစ်လိုက်မိသည်။ ငယ်ငယ်တည်းက တွဲလာခဲ့ပေမဲ့ သူမ ထုတ်ပြမှပဲ မြင်ခဲ့တာ သူမပြောပြမှပဲ ခိုးယူလာမှန်း သိခဲ့ရတာ။ ခုကျတော့ နဖူးတွေ့ ဒူးတွေ့ကြီး၊ ဘုရားစူးရပါစေရဲ့ ဆန်းဒီတစ်ခါပဲ မြင်ဖူးသေးသည်။

အမလေး ...။ လုပ်သွားတာ ဖြည်းဖြည်းလေး နှေးနှေးလေး အေးဆေးပါ လား။ မသိရင် ကလေးကို ချစ်လို့ ပါးလေး လှမ်းတို့သွားတဲ့အတိုင်း။ ကိုယ် က သူမကို လိုက်ကြည့်နေလို့သာ ...၊

ဆန်း ရင်တွေခုန်နေတာ နှလုံးအတွဲလိုက်ကြီး ပါးစပ်ထဲက ခုန်ထွက်လာ တော့မယ့် အတိုင်း။ 'ခိုးတာလည်း ပါရမီရှိမှလွယ်တာ ငါခိုးလာတာတွေကို သွားရည်တမျှားမျှားနဲ့ ခိုးလည်းမခိုးရဲ အားတွေလည်းကျ မယုံရင်ကြည့်ပါ လား အိမ်ကအမွှာနှစ်ကောင်' လို့ ရယ်ရယ်မောမောနဲ့ ပြောသေးသည်။ ထို့ပြင် "အင်းငါ့နားက ဘဏ်စာရေးမကြီးလည်း ပါချင်ပါဦးမှာ"တဲ့။ ဟုတ် နေတော့လည်း ရှက်ခဲ့မိသေးသည်။ ခိုးတာကို အားမကျရဲပေမဲ့ သူမလိုချင် တာ ရနေတာကိုတော့ အားကျမိသလိုလို အံ့သြတာလိုလို။

ခုတော့ ဘေးက မြင်လိုက်ရတာနဲ့တင် အသက်ထွက်ချင် နေပါပြီ။ သိပ်မ ကြာလိုက်ခင် ထိုမိသားစုဆီမှ ဆူညံဆူညံတွေ ကြားလိုက်ရလေသည်။

"ကလေးဆွဲကြိုး မရှိတော့ဘူး"

"ဟ သေချာကြည့်ပါဦး အင်္ကျီထဲများ ပြုတ်ကျသလား"

"ဟုတ်ပ အစ်မကလည်း ချိတ်ကနည်းနည်း ဟနေတယ်မို့လား၊ ကလေးကို ဘယ်မှာမှ မချသေးဘဲနဲ့"

"မရှိတော့ဘူး"

"ခဏရပ်နေစမ်းပါ သမီးလေးရယ်"

အမလေး အဲဒီအသံတွေ မြန်မြန်တိတ်ပါစေတော့။

မကြားရဲပေမဲ့ နားစွင့်နေမိသည်။ ထိုအချိန်မှာပဲ ခူးပြန်ဝင်လာသည်၊ အနီရဲရဲ ရှေ့နောက် ဗီပုံစံလည်ဟိုက်နှင့် စကတ်ရှည် အနက်အကျပ်ကို ဝတ်ထားကာ ပွိုင့်ဒေါက်မြင့် အနီရဲရဲက ကြွရွနေသည်။ အုပ်ခဲသော ဆံပင်ရှည်အကောက်တဝဲဝဲနှင့် သူမကိုလှလို့ လှမ်းကြည့်ကြ သူများမှလွဲ၍ ...၊

"ရှာမနေနဲ့တော့၊ ပစ္စည်းပျောက်ရင် ဘေးကလူတွေကို အားနာဖို့ကောင်းတယ်၊ အစတည်းက ချိတ်မလဲရသေးဘဲနဲ့ ဝတ်မပေးပါနဲ့ဦး ဆိုတာကို"

"ဟုတ်ပ၊ နင့်မိန်းမကိုက ကလေးက ဆယ်လမပြည့်သေးဘူး စိန်လော့ကတ် ဆင်ချင်ရတာနဲ့ စိန်နား ကပ်ပန်ပေးချင်ရတာနဲ့ တော်သေးတာပေ့ါ ခုရွှေဆွဲကြိုးလေးပဲမို့လို့ ..."

ကိစ္စက သည်မျှနှင့်ပြီး၏၊ ဆန်းမျက်လုံး ပြူးနေတာကို ခူးကပြုံးပြီး မျက်စိတစ်ဖက် မှိတ်ပြ၏။ ပြီးတော့ ကားပေါ်တက်ခါနီး ခရီးသည်တွေ ရုတ်ရုတ်ရုတ်ရုတ် ထနေကြကာမှ ဆွဲကြိုးကို သူမရင်ဘက်ထဲ ကပ်ထည့်လိုက်ပြီး ...

"ဖျော်ပြီးရင် ငွေလွှဲပေးလိုက်"

အိတ်ကို တစ်ဖက်က ပခုံးပေါ်ဆွဲချိတ်၍ တစ်ဖက်က ပန်းသီးအသစ်တစ်လုံး ထပ်ကိုင်ထား၏။ လှမ်းကြည့်လိုက်တော့ ခုနက မိဘဘိုးဘွားမောင်ညီမတွေနဲ့ မိသားစုကလည်း ထိုကားပေါ်ကိုပဲ တက်နေကြတာဖြစ်

ကာ ဆန်းကိုယ့်ရင်ဘတ်ကို လက်တစ်ဖက်နဲ့ ဖိထားရင်း ...၊

ခရီးအတူတူ သွားကြရမယ့် လူတွေကို မိခူးလုပ်လိုက်တာ ကြည့်စမ်း ...၊

သူမတွေးနေတာတွေကို ခူးက မျက်လုံးကနေ အဖြေရှာတွေ့သွားကာ နားနားကပ်လာပြီး ...၊

"မှတ်ထား ... ငါ့ဝမ်း ပူဆာမနေသာလို့၊ နောက်မလုပ်တော့ဘူး"တဲ့။

***

အခန်း(၂)

"သေချာမှတ်သွားဦး နင့်အဖေနဲ့ မွေးထားတာက မောင်နှမ နှစ်ယောက်တည်းရယ်၊ မယားပါ သားသမီးတွေက ဘယ်နှယောက်တောင်လဲ မသိဘူး၊ ပြောချင်တာက ဟိုမှာမိသားစုတွေ ပိုများတယ်၊ ကိုယ့်အဖေနဲ့နေချင်ရင် ကိုယ့်စိတ်ကိုပြင်၊ နင်လိမ္မာရင် အမွေတွေဘာတွေ ရဦးမှာ နင့်အဖေက ကျောက်အောင်ပြီးမှ နင့်အမေကို ထားခဲ့တာ သူပိုင်တဲ့ပစ္စည်း နင့်ကိုပေးချင်ပေးလို့ရတယ်"တဲ့။

ဂျေဂျေအဝေးပြေး ကားကြီးက တငြိမ့်ငြိမ့်သွားနေသလို ခူးကကိုယ့်ရဲ့ မနက်ဖြန်အတွက် စေတနာယောင်ဆောင်ပြီး လမ်းညွှန်ပြသပေးခဲ့သော ဒေါ်ဇီဇဝါစကားတွေကို တွေးနေတုန်း ...၊

"ခစ် ... ခစ် ... ခစ်"

နှစ်ခုံတွဲ ထိုင်နေတာကို ကိုယ်နဲ့တွဲထိုင်သည့် တစ်ယောက်က ဖုန်းပြောနေတာ သူတစ်ယောက်တည်း ရှိနေသည့်အတိုင်း ...

"အာ့ကြောင့် ပြောပြတာလေကိုကြီးရဲ့၊ ကိုကြီးက သည်းခံလွန်းလို့ သူက ဆိုးနေတာ၊ ကိုကြီးလိုလူကလည်း ရှားတယ်နော်၊ အဲ့တစ်ယောက် ဘယ်လောက်ဆိုးဆိုး သစ်တုံးကြီး ကျနေတာပဲ၊ အားတောင်ကျတယ် တကယ်ပြောတာ အဟိ ..."

"........."

"ဟင့်အင်း၊ ညလေးဆို ကိုကြီးလို ပြည့်စုံတဲ့လူနဲ့ ဆုံစည်းခွင့်ရရင်

ဘယ်တော့မှ မဆိုးဘူး"

"............"

"ခစ် ... ခစ်၊ တကယ်ပြောတာ ခစ် ... ခစ်"

"............"

"ကိုကြီးကရော ညလေးလို ရိုးရိုးသားသား ညလေးတစ်ယောက် မလိုချင်ဘူးလား"

"..........."

"မဟုတ်ပါဘူး ညလေးကို ကိုကြီး အဲ့လို တွေးကြည့်ဖူးလားလို့ လုပ်ပါ မေးတာပဲဖြေပါ"

စျေးဗန်းခင်းတာ မဟုတ်တော့ဘူးဟ အတင်း လိုက်ထိုးရောင်းနေတာ မမိုက်ဘူး။

သောက်မလို့ အဖုံးဖွင့်ထားသည့် ရေဘူးကို ဒီဘက်လက်နဲ့ ပြောင်းကိုင်လိုက်ကာ ...

"ဟင်၊ အမလေး ရေတွေစိုကုန်ပြီ"

"ဆောရီး"

သူမ ဖျပ်ဖျပ်လူး လှည့်လာကာမှ ရေမကုန်သေးသည့်ဘူးကို သူမပေါင်ပေါ် လွှတ်ချလိုက်ကာ ...၊

"လက်တုန်ရောဂါ ဖြစ်နေလို့ ဆောရီး"

ထိုင်ခုံပေါ်မှာရော ပေါင်ပေါ်မှာပါ ရေတွေရွှဲတောက်သွားသဖြင့် နုနုနွဲ့နွဲ့ ဖုန်းပြောနေသော ပုံစံက ခုန်အုပ်တော့မည့် ကျားတစ်ကောင်လို ချက်ချင်း ထရပ်လိုက်ကာ ...၊

"ဘာ ဆောရီးလဲ နင်င့ါပေါ် တမင်လောင်းချလိုက်တာ ငါမြင်တယ်"

ခူးက အေးဆေးမော့ကြည့်ပြီး ခေါင်းညိတ်လိုက်ကာ ...၊

"မြင်တယ်ပေါ့၊ မသိဘူး ကားပေါ်က လူတွေကို မမြင်တော့ဘဲ စျေးဗန်း ခင်းနေတော့ ကန်းနေပြီထင်တာ"

"အံမာ"

"အေးဆေး ရှင်းကြပါဗျာ၊ ခရီးသည် အချင်းချင်းတွေပဲ အေးဆေးပေ့ါ နော်"

ယာဉ်အကူရောက်လာပြီး နှစ်ယောက်ကို ဆွဲထားတော့မတတ် တောင်းပန်နေသည်။ ဟိုတစ်ယောက်က လက်တပြင်ပြင်နှင့် ခုံကြားထဲက နေ ထွက်လိုက်ကာ ...၊

"ကျွန်မအတူ မထိုင်နိုင်ဘူးနော်၊ ရူးများနေသလား မသိဘူး၊ တစ်ညလုံး အတူဘယ်လိုလုပ် စီးမလဲ"

"ဟွန်း ..."

ခူးကရယ်လိုက်ပြီး ရေနောက်တစ်ဘူး ထပ်ဖွင့်သည်။

"ဟုတ်ကဲ့ပါ၊ ထိုင်ခုံတွေနောက်မှာ ပိုပါတယ်၊ အစ်မ သွားထိုင်လိုက်ပါ၊ ပစ္စည်းတွေ ကျွန်တော် ..."

"အို သူ့ကြောင့်ဖြစ်ရတာ သူ့ကို သွားထိုင်ခိုင်းပေ့ါ ဘာလို့ ကျွန်မ သွားထိုင် ရမှာလဲ"

"မထိုင်ချင်တဲ့သူက သွားလေ၊ ဘာလို့ငါကလဲ ..."

"တောက်"

သူမတက်ခေါက်ပြီး နောက်ကိုထွက်သွားတော့ လည်ပင်းလိမ် ကြည့်နေကြသည့် ခရီးသည်တွေ ပြုံးစိစိ ဖြစ်ကုန်ကြသည်။ ညဥ့်နက်နေမှ တစ်ကား

လုံး တစ်ယောက်တည်း ရှိနေသလို မဖွယ်မရာတွေ ဖုန်းပြောနေသည့် သူမ အသံကြောင့် တချို့တွေ မအိပ်နိုင်ကြပေ။ ထိုကြောင့် ပြဿနာ တက်သွားတာကို ကျေနပ်နေကြသည့် လူတွေက ခေါင်းတွေညိတ်လို့ ...

"ကဲ ရှင်လည်းအိပ်တော့"

ခုမှပဲ အိပ်လို့ရတော့မယ်လို့ ပေါ်တင်ပြောတဲ့သူကပြော၊ လမ်းခရီးသွားသည့်အခါမှာ တွေ့ကြုံရသည့် အမျိုးမျိုးသော လူတို့၏ အကျင့်စရိုက်တွေက နူးအတွက် သိပ်တော့မဆန်းပါ။ ဒါပေမဲ့ ကြုံတွေ့ရတိုင်း ပြဿနာတစ်ခုခု တက်ရခြင်းသည်ကား ...၊

"ဒီမှာ ... ဗိုက်ဆာနေပြီ ထမင်းစား မနားတော့ဘူးလား"

ဗိုက်က ကိုရီးယားဗိုက် ဖြစ်နေပြီ။ ဆာလို့ တဂွမ်ဂွမ် တဂွီဂွီ မြည်တယ်ဆိုတာ ဒီတစ်ခါပဲ ပထမဆုံးမို့ နူးခံရခက်နေသည်။ အစားအစာ အသုံးအဆောင် အဝတ်အစား ဘာဖြစ်ဖြစ် ကိုယ့်တစ်ကိုယ်ရေ အတွက်ကို ဘယ်တုန်းကမှ အလျှဉ်မမီ ချို့တဲ့ဖူးတာ မရှိခဲ့၊ ဘယ်သူကျွေးတာမှ စောင့်နေဖို့မလို၊ ဘယ်သူဆင်မှ ဝတ်ရတယ်ဆိုတာ မရှိ၊ တစ်ကောင်ကြွက် ဆိုသည့် ကိုယ့်ရဲ့ဘဝကို ဘယ်တော့မှ မမေ့အောင် နေခဲ့ခြင်းသည် နူးရဲ့ ရုန်းကန်ခြင်းပင်။ ထို့ကြောင့် ဆာလို့ မစားရခြင်း ဝေဒနာက သူမအတွက် တကယ်ကို အသစ်စက်စက်ကြီး ...၊

"နာရီကြည့်ပါဦး ဆယ်နာရီတောင် ထိုးတော့မယ်လေ"

"ဟုတ်ကဲ့အစ်မ ကျွန်တော်တို့ မိုင်နှစ်ရာကျမှ နားမှာပါ၊ လော့ခ်ဒေါင်း လွတ်အောင် မောင်းရမှာမို့ပါ"

အချိန်အခါ ကာလကလည်း သွားမကောင်း လာမကောင်းပါလား၊ ကားပေါ်မှာရှိသမျှ ခရီးသည်တွေကတော့ ကားနားတော့မလား မျှော်နေကြပုံ

လည်း မရှိ။ ဘယ်သူမှလည်း သူမလို ဆာလောင်ပူပြင်း နေကြပုံမပေါ်။ ဒါမှ မဟုတ် ဒီလမ်းတစ်ကြောကို သွားလာနေကျမို့လို့လား။ မြန်မာပြည် တစ်လွှားမှာ သူမ မရောက်ဖူးသည့်မြို့ သိပ်မရှိပေမဲ့ ပျော်ဘွယ်ဆိုတာ ကြား ဖူးနေသည့် နာမည်တစ်ခုသာ ရှိနေခဲ့ပြီး စိတ်လည်း မဝင်စားခဲ့ပေ။ သွားရဖို့ ဖြစ်လာတော့လည်း အချိန်အခါ မကောင်းသည့် အခြေအနေကြီးမှာမို့ လော့ ခ်ဒေါင်း ဘယ်မှာမိမှာလဲ ဘယ်လိုသွားလာ နေကြသလဲဆိုတာ ဘာမှမသိ။

ထိုစဉ် ဆန်းရဲ့ဖုန်း ဝင်လာသဖြင့် သူများဖုန်းပြောတာကို ကိုယ် ရယ်ထား မိသည့် ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ပြုံးမိရင်း …၊

"ပြော၊ ငါ့အသံမကြားရရင် ချသာချလိုက်တော့ ကားပေါ်မှာ အားလုံးအိပ် နေကြတာ …"

တိုးတိုးပြောမိရင်း …၊

"ငါ့ပိုက်ဆံ ဘယ်တော့လွှဲမှာလဲ"

"........"

"အဟွန့် အလကားနောက်တာပါ ငါ့မှာသုံးစရာ ပါပါသေးတယ်"

".........."

"စိတ်ချစမ်းပါ၊ ပြေပြေပြစ်ပြစ် ရှိပါစေ့မယ်၊ အဟွန်း"

"..........."

"အဲဒါ ငါ့မှာစိတ်ကူး ရှိပါတယ်ဆန်းရယ်၊ မနက်ဖြန် ဟိုရောက်မှ ငါဖုန်း ဆက်လိုက်မယ်၊ အခု သိပ်ပြော မကောင်းဘူး အိုခေ"

ဖုန်းပြောပြီး သိပ်မကြာလိုက်ခင် ကားက ထမင်းစားနားဖို့ ရပ်လိုက်ပြီး …

"ကဲ ထမင်းစား နားပါပြီခင်ဗျာ"

စပယ်ယာက တိုတိုတုတ်တုတ် ပြောပြီး တံခါးဖွင့် ဆင်းသွားသည်။ ကား

ပေါ်မှာလည်း ခရီးသည်က သိပ်မပါ။ ကားနောက်ပိုင်းက ထိုင်ခုံတွေ ဖြုတ်ထားကာ ကုန်ပစ္စည်းတွေက အပြည့်အသိပ်၊ ကားဝမ်းထဲမှာ ကုန်တွေ ဘယ်လောက် ပြည့်နေမယ်ဆိုတာ ပြောဖို့တောင် မလိုပေ။ ဒီကာလမှာ ခရီးသွားတွေ နည်းပါးကြသဖြင့် ကားတွေပုံမှန် ထွက်နိုင်ဖို့က ကုန်တင်သည့် အလုပ်ဘက်ကို ဖောင်းပေးထားရတာ ဖြစ်သည်။ ဒါက ဂိတ်ထဲမှာ တည်းက ကြားခဲ့ရသည့် သတင်းစကားပါ။ ထို့ကြောင့် ဟိုအရင်တုန်းကလို ခရီးသွား ဝန်ဆောင်မှုတွေမှာ ယာဉ်မောင်တွေ ယာဉ်မယ်တွေလည်း မပါတော့သလို မုန့်ဘူးတွေပေးဖို့ နေနေသာသာ ရေဘူးတောင်မှ အနိုင်နိုင်၊ ကားနားပြီ ဆိုလည်း အရင်လို ရှေ့ခန်းကနေ မိုက်နဲ့ကြေညာတာတွေ မရှိတော့ပေ။

"ကဲ ... ဆင်းမှာလား၊ မဆင်းရင်လည်း ဖယ်ပေးစေချင်တယ်"

ခပ်ဖိုင့်ဖိုင့် ဘောင်းဘီရှည်အနက် ဂျာကင်အနက်ကြီးနှင့် လူက ကုန်းကုန်းကွကွ လုပ်နေရင်း ခူးကို လှည့်ကြည့်သည်။ ပြီးတော့ သူ့ဘာသာ နှိုက်ချွတ်နေခြင်းကို လုပ်လက်စမပျက်ဘဲ ...၊

"ဆင်းလို့လည်း မရသေးဘူး၊ ဖယ်ပေးလို့လည်း မရဘူး၊ ခဏစောင့်"

ခူးမျက်နှာ မဲ့ပြုံးလေးတစ်ချက် ဖြစ်သွားသည်။ ပြီးတော့ ထိုလူကျော်ခိုင်းထားသည့် ခုံဘက်ကို သွားထိုင်လိုက်၏။ ဘာပဲဖြစ်ဖြစ် ကုန်းကွနေသည့်နောက်မှာ သွားထိုင်လိုက်တော့ ကုန်းနေသည့်လူက မလုံခြုံ နောက်လှည့်ကြည့်ပြီး ကိုယ်ကအနည်းငယ် မတ်သွားကာ၊ ခဏအတွင်းမှာပဲ ဆင်းထွက်သွား၏။ နောက်က လူတစ်ယောက် ထပ်ရှိနေသေးသဖြင့် ခူးက လိုက်မဆင်းဘဲ လက်လေးပိုက်၍ စောင့်နေလိုက်သည်။ ကားထဲမှာ လူတစ်ယောက်မှ မရှိကာမှ စောစောက ဂျာကင်အိတ်ထဲက နှိုက်ယူထားလိုက်သည့် ပိုက်ဆံအိတ်ကိုဖွင့်၍ ...၊

"ဟွန်း … လုပ်ချင်လို့တော့ မဟုတ်ပါဘူး၊ ပျင်းစရာကောင်းအောင် လွယ်လွန်းလို့"

ပခုံးလေး တွန့်ရယ်ရင်း ကားပေါ်က ဆင်းသည်။ ပြီးတော့မှ "မင်္ဂလာပါ" ဆိုင်ကိုရွေး၍ ခြေလှမ်းပြင်လိုက်စဉ် …၊

"ဟိတ် …"

ခူးအပေါ်ထပ်ဝတ် အင်္ကျီအိတ်ထဲ နှိုက်ထည့်ထားသည့် လက်ကောက်ဝတ်ကို တစ်စုံတစ်ယောက်က ဖမ်းဆုပ်ကိုင်လိုက်ကာ …၊

"မင်းလက်ထုတ်လိုက်"

ခူး လန့်ဖျပ်သွားသည့် ပုံစံမဖြစ်ဘဲ ထိုလူ့မျက်နှာကို ကြည့်သည်။ နူတ်ခမ်းပေါ်နှင့် မေးဖျားတို့မှာ ရိတ်သိမ်းထားသည့် ပါးသိုင်းမွှေးရာတို့နှင့် အသားလတ်လတ် မျက်နှာသွယ်သော ယောကျ်ားတစ်ယောက် …၊

"မင်း လက်ထုတ်လိုက်စမ်း"

ပြောရင်း သူလက်ကို ဆွဲထုတ်ဖို့ ကြိုးစားပေမဲ့ အတင်းအကျပ်ကြီးလည်း မလုပ်တာကြောင့် ခူးကလည်း လက်ကို အတင်း ပြန်တင်းထားကာ …၊

"ဘာလဲ၊ ဘာအတွက်လဲ"

"မင်း ဘာလုပ်လိုက်လဲ ဘယ်သူမှ မမြင်ဘူး ထင်နေသလား"

"ဟုတ်လား၊ ရှင်က မြင်လိုက်တယ်ဆိုတော့ စိတ်မကောင်းစရာပဲ"

ခူးက သူနဲ့နီးသွားအောင် ခြေလှမ်းနည်းနည်း ရွှေ့လိုက်ပြီးမှ ကာ …၊

"လူတွေကျွတ်တမ်း မဝင်နိုင်ကြတာ အဲဒီမျက်လုံးကြောင့်ပဲ"

ခူးကမြန်သည်။ သူဖမ်းဆုပ်ထားသည့် လက်ကို ဆွဲရုန်းလိုက်ကာ လက်ထဲမှာပါလာသည့် ပိုက်ဆံအိတ်ကို တခြားလက်တစ်ဖက်နဲ့ ဆတ်ခနဲ ပြောင်းယူလိုက်ပြီး …၊

"ဟာ ..."

သူမ လွှင့်ပစ်လိုက်သဖြင့် မှောင်ရိပ်ထဲသို့ လွင့်ပျံတက်သွားသည့် အိတ်ကို သူတအံ့တသြ လိုက်ကြည့်သည်။ ပြီးတော့ ခူးမျက်နှာဆီ ပြန်လှည့်လာကာ ...၊

"မင်း ..."

ခူးက သူ့ကိုမဲ့ပြလိုက်ပြီး ဆတ်ခနဲ မျက်နှာက ပြောင်းလဲသွားကာ ...၊

"ဟော့ဒီမှာ ကျွန်မကို ..."

"ဟိတ် ..."

ခူးကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ၊ ကားရှေ့ခေါင်း အမှောင်ရိပ်ရောက်မှ ...၊

"မင်းဘာလုပ်တာလဲ ခါးပိုက်နှိုက်ရုံ မကဘူး သူများကို ဒုက္ခပေးဖို့ထိမင်း ..."

လူကိုနောက်ကနေ သိုင်းချုပ်ပြီး ပါးစပ်ပိတ်ထားသဖြင့် ခူးသူ့လက်ကို ဖယ်ချရင်း စိတ်တိုလာသည်။

"ရှန်းမနေနဲ့၊ မင်းကိုငါက မိန်းကလေးမို့ အရှက်တကွဲ မဖြစ်အောင် လက်ပူးလက်ကြပ် မဖမ်းလိုက်တာ၊ တောက် ..."

ပြောနေရင်း စိတ်တိုလာသည်။ ပိုက်ဆံအိတ် လွှင့်ပစ်လိုက်ပြီးမှ သူပဲအရှုံးဖြစ်တော့မည်။ ခုကျမှ ဖမ်းချုပ်ထားမိတာကို လွှတ်ပေးရအခက် မလွှတ်လို့လည်း မရ။ သို့သော် သူဘာလုပ်ရမည်ကို ရွေးချယ်ခွင့်တောင် မရလိုက်ဘဲ ...၊

"အား"

ခူးက ဒေါက်ဖိနပ်နှင့် ဖနောင့် ပေါက်ချလိုက်ကာ သူ့လက်က လွတ်အောင်

ရှန်းထွက်လိုက်ပြီး ...၊

"ဟွန့် ..."

အင်္ကျီနဲ့ဘေးအိတ်ကို သေချာပြုပြင်လိုက်ရင်း တွန့်ကြေသွားသည့် လက်ဖျားတွေကိုပါ ဟန်ပါပါ ဆွဲချသပ်ခါ၍ ...၊

"တော်တော် ချွေးပြန်သွားတဲ့ပုံပဲ၊ ရှင့်ကို အော်ချင်ရင် သူများလက်ကို လာကိုင်လိုက်တည်းက အော်လိုက်မှာပေါ့၊ အကျင့်မကောင်းတဲ့သူ အချင်းချင်း ခူးက ကိုယ်ချင်းစာတတ်ပါတယ်၊ ဟွန့် ပါးပါးလေးပဲ လှန့်လိုက်တာ နောက်ကို သိပ်မစပ်စုနဲ့"

"ဘာပြောလိုက်တယ်၊ မကောင်းတဲ့သူ အချင်းချင်း ဟုတ်လား"

ကို့ မျက်နှာဆတ်ခနဲ လှည့်သွားပြီး ...၊

"တောက်"

အပုပ်နံ့ထွက်နေတာ ကိုယ့်ကိုယ်ကိုယ်ကလား သူများကိုယ်ကလား လူကို သိမ်းကျုံး ပြောသွားသေးသည်။ မိန်းကလေးတစ်ယောက်နှင့် အပြန်အလှန် ရန်ဖြစ်နေရမှာလည်း ရှက်မိသောကြောင့် သူမရှေ့ကနေ ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့သည်။ ဘာရယ်မဟုတ်ဘဲ 'မင်္ဂလာပါ' ဆိုင်ထဲ ဝင်လာမိကာ လူမရှိသေးသည့် ဘေးအစွန်က စားပွဲမှာ သွားထိုင်လိုက်ပြီးသည့် အထိ မျက်လုံးထဲမှာ သူမ၏ အနီရဲရဲ ပုံရိပ်ကမပျောက်နိုင်။ တစ်ခေါင်းလုံး တွန့်လိမ်နေသည့် ခါးသာသာဆံပင်တွေကို ဖြန့်ချထားကာ နှုတ်ခမ်းနီနီ ဝတ်စုံနီနီ ဒေါက်ဖိနပ်ကအစ လွယ်အိတ်အဆုံး နီရဲနေကာ အပေါ်ထပ် ကုတ်အင်္ကျီကျမှ ကော်ဖီရောင်လေး ...၊

သူမပိုက်ဆံအိတ် နှိုက်လိုက်တည်းက သူတွေ့သည်။ ထိုစဉ်တည်းက အံ့ဩလွန်းလို့ သူမတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်ခဲ့မိတာ ဘယ်နှ

ခေါက်မုန့်းတောင် မသိ။ လူတွေကို ဘယ်လိုအကဲခတ် သတ်မှတ်ရမလဲ။ ဒီမိန်းကလေး ဒီလိုလုပ်တတ်ပါတယ် ဆိုတာ ဘယ်သူ့ သွားပြောပြော ယုံမှာမဟုတ်ပေ။ သူကိုယ်တိုင်လည်း ခြေထောက်မှာ နာကျင်နေဆဲ ရှိတာတောင် ခုထိတွေးနေမိတုန်း။ သတိတရ ဖြစ်သွားကာ ခြေထောက်ကို စားပွဲအောက် ကထုတ်၍ အသာငုံ့ကြည့် နေမိစဉ် ...၊

"ဘာသုံးဆောင်မလဲ အစ်ကို"

"လက်ဖက်ထမင်းနဲ့ ကြက်ဥကြော်၊ အနှစ်ကျက်နော်"

"အဲ့အတိုင်းနှစ်ပွဲ"

ဖိနပ်ပေါ်က ပွိုင့်ဒေါက်ရာ စွန်းထင်းကျန်ရစ်နေသည့် နေရာလေးကို ကြည့်နေသည့် မျက်လုံးတွေက အသံဆီ ချက်ချင်းရောက်သွား၏။

သူမ ...

"ထိုင်မယ်နော်၊ စားပွဲတွေ ပြည့်နေလို့"

သူမဘာသာ ခုံဆွဲပြီး ထိုင်ချလိုက်ကာမှ 'ထိုင်မယ်နော်'၊ အံ့ရော ... ခုန သူမ မဟုတ်ခဲ့တဲ့အတိုင်း ..၊

ကို မျက်နှာလွှဲနေလိုက်သည်။ ထိုင်ချင်တဲ့ နေရာမှာထိုင် ကိုယ်ပိုင်တာလည်း မဟုတ် စားစရာရောက်လာတော့ သူမျက်နှာလွှဲနေလို့ မရတော့ဘဲ ဇွန်းနဲ့ခက်ရင်းကို ကိုင်ဖို့ပြင်လျှင် ...၊

"ခဏလေး ... "

သူ့ရှေ့က ပန်းကန်ကို ဆူးကဆွဲယူလိုက်ကာ ပန်းကန်ချင်း လဲလိုက်ပြီးမှ ...၊

"သူတို့ကလည်း ပန်းကန်ကို ဒီဖိုင်းတူလည်း မပေးဘူး၊ ဆောရီးနော် ဟို ပန်းကန်က ရွှေနားရစ်လေး မပါလို့"

ဒေါသက ထောင်းခနဲ ဖြစ်သွားသည်။ မျက်လုံးချင်း ဆုံလိုက်တော့ သူမက

ပြုံးပြနေကာ ဇွန်းနဲ့ခက်ရင်းကို ကောက်ကိုင်လိုက်ပြီး ...၊

"စားလေ"

သူစားဖို့တောင် မေးဆတ်ပြီး တိုက်တွန်းနေသေးသည်။ ကို့မျက်နှာ တင်း သွားလေ သူမကပိုပြီး ဖော်ရွေသလိုပြုံးပြလေနှင့် ဘဲဥ တစ်ခြမ်းနီးပါး လောက်ကို ထမင်းနဲ့ တစ်ခါတည်း ပါအောင် ဖိချလိုက်ပြီး ခပ်ယူသည်။ ပြီး တော့ နှုတ်ခမ်းလေးဖွင့်၍ ထမင်းတစ်စေ့မှ ပြန်မကျစေဘဲ အကုန်လုံး ဝင် သွားအောင် ထည့်ပစ်လိုက်တာ သေသေသပ်သပ် ...၊

ကို စိုက်ခနဲကြည့်လိုက်ပြီးမှ သူမမျက်လွှာ ပင့်မလာမီ မျက်လုံးတွေကို သိမ်း၍ ဇွန်းခက်ရင်းဆီ ပြန်ပို့သည်။ ဒီထမင်းပွဲကို သူစားချင်စိတ် မရှိတော့ ပေ၊ သို့သော် ထထွက်သွား တာရော ကောင်းပါ့မလား ...၊

"ဒီမှာ"

သူမက ထမင်းဝါးလက်စကို ပါးစောင်လေး တစ်ဖက်မှာစုကပ်၍ ဝိတ်တာ ကို ခေါ်ကာ ...၊

"ရှပ်နှစ်ဘူး"

ကို မျက်နှာပျက်သွားသည်။ ဘာအတွက် နှစ်ဘူးလဲ ...၊

သိပ်မကြာလိုက်ခင် သူ့မျက်နှာရှေ့ကို ရှပ်တစ်ဘူး ရောက်လာကာ ...၊

"ခုနကကိစ္စအတွက် ခူးက တောင်းပန်တာ ..."

ပြီးတော့ ခုထိ မတို့ထိရသေးသည့် သူ့ရှေ့က ထမင်းပွဲကို မျက်တောင်ဖျား လေးတွေ စင်းကြည့်ရင်း ...၊

"ရှင် ဒါတွေဒီတိုင်းထားပြီး ထထွက်မသွားနဲ့နော်"

"သွားတော့ ..."

"ဟား ... ကျန်ခဲ့တဲ့သူက ဖီးလ်ငုတ်တာပေါ့၊ နောက်ပြီး ရှင်နဲ့ခူးကဘာမှ မ

ပတ်သက်ဘူးလေ၊ ထသွားတာကမှ ဘာလိုလို ..."

"ဒီမှာ ..."

ကိုက စားပွဲကိုလက်သီးနဲ့ ခပ်ကြိတ်ကြိတ် ထုပစ်ပြီး မျက်နှာရှေ့တိုးလျှင် သူမလည်း တိုးလိုက်ပြီး ...၊

"ဒီက နာမည်က ခူး ..."

"မင်းနာမည် ခူးတာပန်တာ ငါ့အလုပ် မဟုတ်ဘူး၊ ဘာအတွက်မှလည်း မင်းတောင်းပန်ဖို့ မလိုဘူး၊ မင်းနဲ့ငါနဲ့ ဘယ်တုန်းကမှ မဆုံခဲ့ဖူးဘူး ဟုတ်ပြီလား ..."

ဒီမှာ ခြေဖမိုးတစ်ဖက်လုံး အောင့်နေတုန်း၊ ကို မျက်နှာတင်းလျက် ဖျက်ခနဲ ထရပ်လိုက်လျှင် ...၊

"ယောကျ်ားတွေလည်း စိတ်ကောက်ကြတာပဲနော် အဟွန့် ... ခုမှပဲ သေချာ ဖျက်ခနဲ ထရပ်လိုက်လျှင် ...၊ မြင်ဖူးတော့တယ်" သူ့တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် ဖြန်းခနဲ ပူနွေးသွားသည်။ သူမက မသိတာလား မသိချင်ယောင် ဆောင်နေတာလားမသိ။

"ရှင့်ကို တောင်းပန်တယ်ဆိုတာ ခူးမှာ အကြောင်းရှိလို့ပါ၊ ဟိုလူကြီး သူ့ပိုက်ဆံအိတ် ရှာနေတယ်"

"ဘာလဲ ငါသွားပြောလိုက်မှာ ကြောက်နေတာလား"

"မကြောက်ပါဘူး၊ ဒါပေမဲ့ ရှင့်ကို ထိခိုက်အောင်လည်း မလုပ်ချင်လို့လေ"

ကို မျက်မှောင် ကုတ်သွားသည်။ သူမကပဲ တစ်ပြန်စီးပါလား။ ခူးက ထမင်းစားလိုက် သူ့ကိုမော့ကြည့်ပြီး စကားပြောလိုက်နှင့် ပြီးတော့မှ ခက်ရင်းနဲ့ဇွန်းကို စုံချထားလိုက်ပြီး ပါးရိုးတစ်ဖက်ပေါ်က ဆံပင်တွေကို နားနောက်မှာ ညှပ်လိုက်ကာ ...၊

"ရှင်ခူးကို လက်ထောက်ချလိုက်ရင် ခူးက ရှင့်ကိုလည်း ချန်ထားမှာ မဟုတ်ဘူးနော် ဘာဖြစ်လို့လဲဆိုတော့ ရှင်လည်း လက်ပူးလက်ကြပ် မိသား နဲ့ မြဲနေခဲ့တာ ဆိုတော့ ကြံရာပါပဲ၊ ခူးကသာ ရှင်ဝေစုမတည့်လို့ ဒီလိုလုပ်တာ ဘာညာ ..."

"တိတ်စမ်း"

"ပြောပြတာ"

ကို အသည်းတွေ ယားလွန်းလို့ အံကြိတ်ထားရင်း သွားတွေတောင် နဲ့ကုန်ပြီလား မသိတော့ပါ။ ပါးနပ် လှည့်ဖြားတက်လွန်းသည့် နှုတ်ခမ်းလှှာတို့သည် လူတွေပြောသလို နှုတ်ခမ်းပါးလျှာပါး အမျိုးအစားလည်း မဟုတ် ...၊

"ရှင်ပြန်ထိုင်စမ်းပါ၊ ရန်သူဖြစ်လို့မရတာ သိနေပြီဥစ္စာ မိတ်ဆွေ မဖြစ်ချင်ရင်တောင် ဘာမှမဟုတ်ခဲ့သလို နေလိုက်ကြရင် ပြီးတာပဲ မဟုတ်ဘူးလား၊ ရှင်ပဲခုနက ပြောပြီးတော့ ..."

"နေစမ်းပါဦး၊ မင်းငါ့ကို ဘာထင်နေတာလဲ"

"ရှင်ကရော ဘာထင်စေချင်လို့လဲ"

သူမက မေးခွန်းကို မေးခွန်းနဲ့ပဲ ပြန်တုံ့ပြန်တတ်တဲ့ သူလား ...၊

ကိုမျက်မှောင် ကုတ်သွားပြန်သည်။ သူမသည် နားလည်ရခက်သလောက် ကိုယ့်ဒေါသတွေကို သူမကတော့ ကြိုက်သလို ပုံဖော်နေသည်။ မဟုတ်သေးဘူး။ ကို ပင့်သက်တဝကြီး ရှိုက်သွင်းသည်။ ပြီးတော့ ဖြည်းဖြည်းလေး မှုတ်ထုတ်၍ မျက်လုံးတွေကို ဆိုင်တစ်ဆိုင်လုံးဆီ တစ်ပတ်ဝေ့လိုက်ပြီးမှ ...

"မင်းကိုငါပြောမယ်၊ မင်းဘာလုပ်ခဲ့လုပ်ခဲ့ အခုဘာလုပ်နေ ငါလုံးဝဂရုမစိုက်ဘူး နောက်ထပ် ဘာအကြောင်းနဲ့မှ မင်းငါ့ရှေ့ ရောက်မလာဖို့တော့

သတိပေးလိုက်မယ်၊ မိန်းကလေးက မိန်းကလေးလို မနေတတ်ရင် ယောကျ်ားတိုင်း သည်းခံပါရမီတွေ ရှိနေကြတာ မဟုတ်ဘူးဆိုတာ မမေ့နဲ့"

ပြောရင်း ငါးထောင်တန်တစ်ရွက် ချခဲ့ပြီး ခြေလှမ်းပြင်သည်။ ပြီးတော့ ပိုက်ဆံကို ပြန်ကောက်လိုက်ပြီး ကောင်လေးတစ်ယောက်ကို ခေါ်၍ ...၊

"ဒါဖိုးရှင်းမယ် ... "

"နှစ်ပွဲဆိုတော့ ... "

"မဟုတ်ဘူး ဒီတစ်ပွဲအတွက်ပဲ၊ ပိုတာမင်းယူလိုက်"

ကောင်လေးက ခေါင်းညိတ်လိုက်ပြီးမှ ခူးကို ပြန်လှည့်ကြည့်သည်၊ ခူးက ပခုံးနှစ်ဖက် တွန့်လိုက်ပြီး ...၊

"အဲ့လိုပဲ သူက ..."

ကြည့်စမ်း ...၊

ကို ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်၊ ဘယ်လောက်တောင် ကိုင်ပေါက်ပစ်ချင်စရာ ကောင်းလဲ။

***

# အခန်း(၃)

ကားပေါ်ကို ခူးပဲ ဦးဆုံး ပြန်တက်သည်။ ပြီးတော့ တက်လာကြသည့် တစ်ယောက်ချင်းစီကို သေချာ ထိုင်ကြည့်နေလိုက်သည်။ ခုနကားပေါ်က ဆင်းကြတုန်းက ထိုသူက နောက်ဆုံးခုံက ထလာတာဖြစ်သည်။ ဒါကြောင့် သူမလှုပ်ရှားသမျှကို သူက သေချာကြီး မြင်သွားတာ ဖြစ်ကာ၊ သူမကတော့ အမှတ်တမဲ့။ ခုကျမှ သတိထား ကြည့်နေမိပေမဲ့ လူအားလုံး တက်လာကြပြီး သူမပါ။

ဒီလူ ဆင်းသွားတာတော့ မဖြစ်နိုင်ပါ။ ဒရိုင်ဘာနဲ့ စပယ်ယာတို့ကလည်း အတက်အဆင်း တံခါးကို မပိတ်သေးဘဲ ကားစက်နှိုးထားရင်း စောင့်နေကြ၏။ သူ့ကို စောင့်နေတာလား တခြား တစ်ခုခုလားတော့ မသိ။

ထိုစဉ် သူတက်လာတာ မြင်လိုက်ရပြီး တံခါးလည်း ဂျိမ်းခနဲ ပိတ်လေသည်။

"ဦးကို ဒီမှာပဲထိုင်မှာလား၊ နေဦးလေ စောင်ယူပေးမယ်"

ဦးကို ဆိုပါလား၊ ဘာလဲ သူ့နာမည် 'ကို'လား။

လှမ်းကြည့်လိုက်တော့ သူတို့ချင်း ရင်းနှီးကြပုံပေါ်ကာ၊ သွားတွေပေါ်အောင် ရယ်နေသော ထိုသူ၏ ဘေးတစောင်းမျက်နှာကို ငေးသွားမိ၏။ သွားတန်းတို့ ညီညာကာ သွားစွယ်လေးတွေ ချွန်နေတာ ကြည့်ကောင်းနေသည်။ ပါးချိုင့်လား ပါးတွန့်သည့်အရာလား မသိပေမဲ့၊ သူ့ပါးပေါ်က ပါးချိုင့်ရာလေးကလည်း ဆွဲဆောင်မှုတွေအပြည့်။

မျက်နှာက သဘောကောင်းပုံရှိပေမဲ့ ထိုသူသည် ကိုယ့်ကိုကြိမ်းမောင်း ငေါက်ငမ်းသွားသည့်လူ။ စာအကြွင်းကျန်ရစ်သည့် ရေစိုနေသော ထိုင်ခုံမှာ ချလိုက်သည်။ ပြီးတော့ အကျအန နေရာပြင်ကာ ဇိမ်ကျကျ လှဲချလိုက်မိသည်။ ဗိုက်လည်းဝပြီမို့ တစ်ညလုံး အေးဆေးအိပ်တော့ဖို့ စိတ်ကူးသည် ...၊

"ပျော်ဘွယ်ကို အဝင်စောမယ်နော်"

"ဟုတ်တယ်၊ ဆယ့်နှစ်နာရီကျော်မှာ မဟုတ်ဘူး"

ခူးရဲ့ မှိတ်ထားသည့် မျက်လုံးတွေ ပြူးခနဲ ပွင့်သွားသည်။ ဘယ်ခရီးသည် ပြောလိုက်တာလဲ။ သူမ ညနေကမှ စီးလာခဲ့တာကို ဒါတစ်ညလုံး မောင်းမယ့်ကား မဟုတ်ဘူးလား။

ဟိုကြည့်ဒီကြည့်နှင့် မေးမည်ပြင်လိုက်တော့ သူမ ဆွဲကြိုးဖြတ်ခဲ့သည့် ကလေးမျက်နှာလေးက ရှေ့က ကျောမှီနှစ်ခုကြားကနေ မျက်လုံး လက်လက်လေးတွေ ပြူထွက်လာ၏။ ခူးမေးမြန်းချင်စိတ်တွေပါ ကုန်ခန်းလျက် ခေါင်းကို ဘုန်းခနဲ ပြန်လှဲချလိုက်မိသည်။

အလကား ငါနားကြား မှားတာနေမှာ ...၊

ကိုယ့်ဘာသာ တွေးယူလိုက်ပြီး မျက်လုံးတွေ မှိတ်ထားလိုက်သည်၊ ဆောင်းဝင်စ ပြူပြီမို့ အေးလိုက်သည့်ဖြစ်ခြင်း။ မွေးပွတဘက်ကိုထုတ်၍ ဒူးနှစ်ဖက်ကွေးသည့်ပေါ်ကနေ ခြေဖျားထိ လုံအောင် လွှားခြုံလိုက်သည်။ အသေအချာအိပ်ဖို့ ပြင်ပြီးကာမှ ပျော်ဘွယ်ရောက်ရင် အဖေ့ကိုဘယ်လို ရှာရမလဲဆိုသည့် အတွေးကဝင်လာ၏။ အဖေ့ကို သူမ မမှတ်မိပေ။ အဖေက ဘယ်လိုမိန်းမနဲ့ လက်ထပ်ပြီး မိသားစုပုံစံ ဘယ်လိုနေနေသလဲ ဆိုတာရော သူမဘာမှမသိ။ ပျော်ဘွယ်ကို ထွက်လာခဲ့သည့် ရည်ရွယ်ချက်မှာ အဖေ့ကို မက်မောလို့မဟုတ် အဖေဘယ်လို ပုံစံကြိုဆိုမလဲဆိုတာလည်း စိတ်ပူရမှန်း

မသိ။ တကယ်တမ်းအဖေက လိုက်လာခဲ့ဖို့ခေါ်တာ မဟုတ်သော်လည်း အဖေက ခေါ်နေသည်လို့ ညာပြောသည့် ဒေါ်ဇီဇဝါကိုပဲ ကျေးဇူးတင်ရ လိမ့်မည်။ အဖေ ခေါ်ခေါ် မခေါ်ခေါ် သူမသွားမှဖြစ်မည်။ ဘဝတစ်လျှောက် လုံး ကြုံသလိုကျသလို အသက်ဉာဏ်ကူပြီး အားတင်းနေလာခဲ့သမျှ၊ သူမ ဘဝက ခါးပိုက်နှိုက် ကလိမ်ကကျစ် လှည့်စားတတ်သူလား။ နာကျင်မှုတို့ ကို အင်အားဖြစ်စေ ခဲ့သော်လည်း လူသည်စက်ရုပ်မဟုတ်၊ ပြီးတော့ သူမ ဟာ မိန်းမတစ်ယောက်သာ ဖြစ်လေသည်။

ရှေ့ဆက်ရမယ့် ဘဝခရီးကိုတော့ သူမဒီတိုင်း မဖြတ်သန်းချင်တော့ပေ။ အဖေ့ကို သူမရင်းနှီး ပတ်သက်ခွင့် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဖေ က သူမကို လိုလားတာ မလိုလားတာ အပထား။ အဖေဟာ အဖေတစ် ယောက်လို တာဝန်ယူလိုစိတ်နဲ့ပဲ ဖြစ်ဖြစ် သူမအတွက် တစ်စုံတစ်ရာ ထောက်ပံ့မှုလေး ပေးလာခဲ့ရင်တော်ပြီ။

"ညည်းအဖေက ကျောက်အောင်ပြီး ပြန်လာတာ အဲဒါကို သီတာနဲ့ မောင် ဝင်း မရိုးသားကြပါဘူး အကြောင်းပြပြီး တစ်ညတောင် မအိပ်ဘဲ ပြန်ထွက် သွားတာ သိရဲ့လား၊ ခုလောက်ဆို ဘယ်လောက်တောင် ချမ်းသာနေပြီလဲ မ သိဘူး"

"မယ်ခူးရေ ဖအေကို အသေကပ်ထားနော်၊ သူ့ဘာသာ ကလေး ဘယ်နှ ယောက် မွေးထားထား သူတို့နဲ့လက်ထပ်ပွားဘာမှ မရှိဘူး၊ ကိုယ့်အဖေပိုင် တဲ့ပစ္စည်း ကိုယ်ပိုင်တယ်"

"အစ်မ သူဋ္ဌေးဖြစ်လာရင် မမေ့ရဘူးနော်"

မိသားစုတွေများသလောက် ဝိုင်းပြောကြတာတွေကို သတိရမိသေးသည်။ အဖေက မခေါ်ဘဲခေါ်သည်လို့ ပြောတာတစ်ခုက လွဲလျှင် ကျန်တာတွေ ကတော့ အမှန်တွေပဲ ဖြစ်မှာပါ၊ ဒီအကြောင်းတွေကို သူမ ငယ်ငယ်တည်း

က ကြားလာခဲ့ရတာ ဖြစ်သည့်အပြင် ခူးကိုအဖေများ ခေါ်လေမလားလို့ ခူး ထက်ပိုပြီး မျှော်လင့်နေခဲ့တာ ဒေါ်ဇီဇဝါ ...။

သူမက သူများပစ္စည်းလည်း မမက်မောတတ်သလို သူ့ပစ္စည်းဆိုလျှင် အပ်တိုတစ်ချောင်းကအစ တန်ဖိုးကြီးနေတတ်သူ ဖြစ်သည်။ ထို့ကြောင့် ဟိုဧည့်သည် ရောက်လာတာတောင် သမီးကို ခေါ်ဖော်မရသည့် အဆုံးမှာ ဘယ်လိုမှ သည်းမခံနိုင်တော့သဖြင့် ခူးကို ခုလို ထိုးလွှတ်လိုက်ခြင်းသာ ...။

ဘာပဲဖြစ်ဖြစ် ကိုယ့်အတွက်ကတော့ ကောင်းဖို့ဖြစ်လာခြင်းလို့သာ သတ်မှတ်၍ ဘာတွေပဲဖြစ်လာလာ ဖြစ်လာသည့် အခြေအနေအတိုင်း ရင်ဆိုင်ရုံအပြင် မရှိ။ တွေးနေရင်း မျက်ကြောစင်းလာသည် လမ်းခရီးသွားတာ သတိနဲ့သွား သတိနဲ့စားရမှာ သိပေမဲ့ အိပ်ချင်လာပြီဆို ဘယ်လိုမှ မရတော့ခြင်းသည် ...

"အစ်မ အစ်မကြီး ပျော်ဘွယ်ကို ဝင်တော့မယ်ဗျ၊ အစ်မက ဘယ်မှာ ဆင်းမှာလဲမ သိဘူး"

".........."

"အစ်မ"

နားထဲမှာ အလုံးစုံ ကြားနေရသည် မျက်လုံးတွေက ဖွင့်လို့မရ ...

"အစ်မ ပျော်ဘွယ်ဝင်တော့မယ်"

"ဟင် ဘာလို့ဝင်တာလဲ မိုးလင်းပြီလား"

နိုးသွားပေမဲ့ ကားမှန်အပြင်က အမှောင်ထုကို အရင်ကြည့်မိပြီး လက်မခံနိုင်။

ဆင်းကြဖို့ လှုပ်လှုပ်ရွရွ ဖြစ်နေကြတာလည်း ဘယ်သူမှမရှိဘဲ ရောက်တော့မယ်ဆိုတာ ဘာလဲ။ ငုတ်တုတ်ထထိုင်ပြီး ခူးဟိုကြည့်ဒီကြည့် ဖြစ်နေ

ဆဲ။ အကြောင်းကြားပေးသည့် စပယ်ယာ ကောင်းလေးကလည်း သူမ အဖြေကို စောင့်နေလျက် ...၊

"ပျော်ဘွယ်က မနက်မှရောက်မှာ မဟုတ်ဘူးလား"

"မဟုတ်ဘူးအစ်မ"

သေစမ်း ...၊

မအိပ်ခင် ကြားလိုက်တည်းက သေချာမေးပြီး ကြိုတင်ကြံဆ ထားရမှာ ...

ကိုယ့်ဘာသာ ထိတ်လန့်သွားတာကို သူများ အကဲခေတ်မိမှာလည်း စိုးသေးသည်။ ဆံပင်သပ်သလိုလို နဖူးပွတ်သလိုလိုနှင့် မျက်နှာကို အေးဆေးပုံစံ ဖမ်းလိုက်ပြီး ...၊

"ကြိုမယ့်သူကို ကြိုမှာမထားမိဘူး၊ ရောက်ဖို့ဘယ်လောက် လိုသေးလဲ ဟင်"

"ခုဝင်လာပြီ အစ်မဖုန်းဆက်လိုက်လေ၊ ကျွန်တော်တို့ အနီးဆုံးမှာ ရပ်ပေးလို့ရတယ်"

ခူး ဒီဘက်လမ်းကြောကို မသွားလာဖူးမှန်း သိသွားသဖြင့် ကားကလည်း အဆင်ပြေအောင် လိုက်လျောပေးမယ့်ပုံပါ ဒါပေမဲ့ သူမအဖြစ်ကလည်း ...၊

"ရပါတယ်၊ ဂိတ်ဆုံးမှပဲ ဆင်းလိုက်တော့မယ်"

"ဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့က ပျော်ဘွယ်ကား မဟုတ်ဘူး တောင်ကြီးတက်မှာ"

သြော် အဲဒီလိုလွဲပေးပါ ခူးရေ၊ ပျော်ဘွယ်ကားလို့ မေးပြီး ကားလက်မှတ်ဖြတ်တော့ ကားနာမည် မှတ်ထားလိုက်သည်။ ကျန်တာ မကြည့်ဘဲ ဒီကားပေါ်ကို တက်လာခဲ့တာ အတိအကျ၊ မတိကျခြင်းတွေ စတင်လာသည့်

အချိန်အခါသည်ကား ...၊

"အစ်မ ပစ္စည်းအားလုံး ဒါပဲနော်"

ကားအောက်ထဲက အဝတ်သေတ္တာ နှစ်လုံးရယ်၊ သူမဆွဲထားသည့် ဖိနပ်ဘူးတွေ ထည့်ထားသည့် အိတ်ကြီးရယ်၊ စပယ်ယာက သူသိမ်းပေးထားသည့် အဝတ်သေတ္တာ နှစ်လုံးကို လမ်းပေါ်ဆွဲချပြီး မေးနေသည်။ ခူးက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး ပြန်ဖြေဖို့ သတိမရ။

အချိန်က ညဥ့်ဆယ့်နှစ်နာရီ ဆယ်မိနစ် လမ်းမပေါ်မှာ ဆိုင်ကယ်တွေလည်း သွားလာနေကြသေးသည်။ လမ်းဘေးမှာ ရပ်နေသည့် ဆိုင်ကယ်တချို့နှင့် လူတွေစကားစမြည် ပြောနေကြတာလည်း ရှိသည်။ ရန်ကုန်မှာဆိုတစ်မြို့လုံး ဒီအချိန်ဆို တစပြင်ကြီးလို ဖြစ်နေသော လော့ဒေါင်းအချိန်ပင်။ "ပျော်ဘွယ်မှာ ဘာသံမှ မကြားဘူး၊ အဲဒီဘက်က အေးချမ်းတယ်" လို့ ဒေါ်ဇီဇဝါပြောတာ သူမကိုသွားစေချင်လို့ တမင်ပြောတာ မဟုတ်ဘူးဘဲ။

"အစ်မ အဲဒါ ကားလတ်မှတ်ရောင်းတဲ့အိမ် အဲဒီမှာ အစ်မသိချင်တာ မေးလို့ရတယ် ..."

လက်ညှိုးထိုးပြသည့် ကားလက်မှတ် အရောင်းဌာနဆိုသော ဆိုင်းခန်းလိုလို ဘာလိုလို တိုက်ခန်းလေးက ပျဉ်တံခါးတစ်ချပ်တော့ လှပ်ထားပေမဲ့ လူလည်းမမြင်။

"ဦးကို၊ ပစ္စည်းစုံတယ်နော်"

"အေး ... ရပြီ"

"ဟုတ်လား၊ တော်သေးတယ် ဦးကိုပြောလို့၊ ခါတိုင်းလိုပဲ မှတ်နေတာ"

ဦးကို ...၊

နာမည်ခေါ်သံကြားမှ ခူးလှည့်ကြည့်မိသည်။ ဒရိုင်ဘာရော စပယ်ယာပါ

ကားပေါ်တက်သွားမှ ကျန်ခဲ့သည့် သူ့ကို သတိထားလိုက်မိသည်။ ဂျေဂျေ မှန်လုံ ကားကြီးက ထွက်ခွာသွားပြီဖြစ်ကာ သူက ဖုန်းပြောနေ၏။

"ကျွန်တော် မလာတော့ဘူး ဒီမှာပစ္စည်းတွေပါလို့ လိုက်လာခဲ့တာ သုံးဘီး နဲ့ဆို ရတယ်လေ"

"........."

"မောင်သိန်း တော်ကြာရောက်မှာ"

ဘာလဲ သူက အဝယ်တော်လား ...

ဘာလုပ်တဲ့လူဖြစ်ဖြစ် လောလောဆယ် ဒီလူဒီနားမှာ ရှိနေတာ ကိုယ့်အတွက် စိတ်ချရသည်မို့သူ ထွက်သွားမှာကို စိုးရိမ်နေမိသည်။ လိပ်စာရေးပေးလိုက်တဲ့ စာအုပ်လေးကိုလည်း အလွယ်တကူ ရှာလို့မရ ဖုန်းနံပါတ်က အစတည်းက မပါတာဖြစ်ကာ 'လိုလို့ ချက်ချင်းခေါ်တဲ့သူက ဖုန်းနံပါတ်တောင် မပေးသွားဘူးလား' လို့ ခူးပြန်မမေးခဲ့တာ အတယ်လို့များ ထင်နေသလားမသိ။ ဘာပဲဖြစ်ဖြစ် ဒေါ်ဇီဇဝါရဲ့ လုပ်ကွက်တွေကိုပဲ သတိရသွားမိတာ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်တိုလာမိသည်။

အရင်ဆုံး သူမ ဘာလုပ်သင့်သလဲ ကားလက်မှတ် အရောင်းဌာနဆိုသည့် တိုက်ခန်း အမိုးအောက်မှာ ထိုင်ခုံနှစ်လုံး ချထားတာရှိသည်။ မီးလည်း လင်းနေသည်။ တံခါးဖွင့်ထားပေမဲ့ အထဲကလူကိုခေါ်ပြီး လိပ်စာလေး လမ်းညွှန်ပေးပါလို့ မေးရအောင် လိပ်စာကလည်း ရှာလို့မတွေ့။ သေတ္တာ တစ်ခုခုထဲမှာ ထည့်လိုက်မိသလားလို့ တွေးမိပေမဲ့ မဖြစ်နိုင်ဘူးဆိုသည့် အဖြေပဲ ထွက်လာသည်။ အကယ်၍ ထည့်လိုက်မိရင်တောင် သေတ္တာကို လမ်းမဘေးကြီးမှာ ဖွင့်ရှာဖို့က လုံးဝမဖြစ်နိုင်။

ခူးလမ်းမဘေးမှာ ကားပေါ်က ဆွဲချထားသည့် သေတ္တာကြီးနှစ်လုံးရယ်

ဖိနပ်အိတ်ကြီးရယ် ပခုံးမှာချိတ်ထားသည့် ဘေးအိတ်ရယ်နှင့် ပုံစံမပျက် ရပ်ကျန်ခဲ့ရင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေ၏။ သူ့ကိုမကြာခဏ လှမ်းကြည့်မိပေမဲ့ စီးကရက် လက်ကြားညှပ်လျက် ဖုန်းပြောနေတာ ကိုယ့်ကိုတော့ ရှိသည်တောင် ထင်ရဲ့လားမသိ။ လောလောဆယ် အနားမှာ အကူညီတောင်း စရာလည်း သူပဲရှိတာမို့ ခူးလွယ်ထားသည့် အိတ်လေးကို ပခုံးပေါ် ထပ်ဆွဲတင်လိုက်ပြီး သူ့နားကို အပြေးတစ်ပိုင်း သွားမိကာ ...။

"ဦးကို"

ခူးက သူလှည့်သွားသည့်ဘက်ကို ပြေးလိုက်ပြီး မျက်နှာချင်းဆိုင် မော့ကြည့်ကာ ...

"ခူး သွားရမယ့် အိမ်လိပ်စာ ပျောက်သွားလို့ အဲဒါ ..."

"အဲဒါ ဘယ်သူ့မှာ တာဝန်ရှိနေလို့လဲ"

"မရှိပါဘူး ဒီမှာဆင်းကျန်ခဲ့တာ ရှင်နဲ့ခူးပဲ ..."

"ဒါ ငါနေတဲ့မြို့"

"အဲဒါကြောင့် ဟို အမြင်မတော်လို့ ကူညီတဲ့ အနေနဲ့ပဲဖြစ်ဖြစ် ခူးကို ဟိုတယ်တစ်ခုခုကို လိုက်ပို့ပေးခဲ့ပါလား"

"ဘာ"

သူ့ရဲ့ ဘာသံကြီးကြောင့် ခူးကိုယ်လေးပါ တွန့်သွားသည်။ ဖုန်းနံပါတ်တစ်ခုနဲ့ မြန်မာနိုင်ငံအနှံ့ လူ၊ ပစ္စည်း၊ ငွေ ကြိုက်သလို သွားလာကူးသန်းလို့ ရနေတာကို လိပ်စာပျောက်လို့တဲ့။

ကို မျက်လုံးထဲမှာ ခူးဆိုသည့် မိန်းကလေး ဘယ်လိုပုံ ပေါက်နေသည်တော့ မသိ။ တစ်ချက်စိုက်ကြည့်ပြီး ချာခနဲ မျက်နှာလွှဲပစ်သည်။ ခူးကလည်း ကိုယ့်ဒုက္ခနဲ့ကိုယ် ...။

"ခူးတကယ် တောင်းပန်နေတာပါ၊ ဖုန်းနံပါတ်လည်း မရှိဘူး လိပ်စာလည်း ရှာမတွေ့ဘူး၊ ခူးထင်တာ ဒီကိုမိုးလင်းခါနီးမှ ရောက်မယ်ထင်တာ ပြီးမှလိပ်စာအတိုင်း ရှာသွားမလို့"

"မင်းဒုက္ခတွေ ငါ့ကိုလာပြောမနေနဲ့ မင်း ... ကျွတ် ..."

မျက်နှာလွှဲရတာ ကျောခိုင်းနေရ တာတွေကြောင့် ကိုယ့်စိတ်ကိုလည်း မလုံတော့ပေ။ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ကလည်း ကားလက်မှတ်အရောင်း ဌာနတစ်ခုရှိသည်။ လူတွေလည်း ထိုင်နေကြသေးသည်။ ဒီဘက်ကို အာရုံစိုက်နေကြပြီလားမသိ ဘေးကနေကြည့်ရင် သူမနဲ့သူ ဘယ်လိုပုံပေါက်နေပြီလဲ။

အိတ်တွေ သေတ္တာတွေနဲ့ တကယ် ခရီးထွက်လာတာက ဖြစ်နိုင်သည်။ ကိုယ်တည်းမည့် လိပ်စာလည်း မသိ၊ ဖုန်းနံပါတ်တောင် မသိဘဲ ဒီအချိန် မြို့ဝင်မယ့်ကားကို စီးပြီးတော့များ ...၊

မိုးလင်းမှဝင်မယ်လို့ ထင်နေတာက ဘာလဲ။ ရူးနေတာလား။

ရန်ကုန်နဲ့ ပျော်ဘွယ်ခရီး မိုင်ဘယ်လောက်ပဲရှိတာကို မသိဘူးလား။ မတွေးဘဲလည်း မနေနိုင်၊ တွေးကြည့်လေ ယုံကြည်ချင်စရာ မရှိလေ၊ ဒီလိုကာလကြီးမှာ ဘာမှအတွက်အချက်မှ မရှိဘဲ ခရီးသွားတာ ဘယ်လိုမိန်းကလေးလဲ။

မျက်လုံးထဲမှာ သူများ ဂျာကင်အိတ်ထဲက ပိုက်ဆံအိတ်ကို အသာလေး ဆွဲနုတ်ယူလိုက်သည့် မြင်ကွင်းက ပြန်ပေါ်လာခဲ့ပြီး အထဲက ပိုက်ဆံတွေကို ကားပေါ်မှာတည်းက ထုတ်ယူလိုက်တာလား ... ဘာလား။ သူစွပ်စွဲလိုက်သည့် အချိန်မှာ သူမ အိတ်ထဲက ပါလာသည့်အိတ်က အခွံကြီးပဲ မြောက်တတ်သွားတာကို မြင်ယောင်နေမိသည်။ ဘာလဲ ခါးပိုက်နှိုက်တတ်နေရင် ဘယ်အရပ်မှာ နေနေ တစ်ဝမ်းတစ်ခါး ပူစရာမလိုဘူး ထင်ပြီး ကျန်တာဘာ

ကိုမှ ထည့်မတွေးတော့တာလား။ ဒါဆိုလည်း ကိုယ့်ဒေါသနဲ့ကိုယ်ပဲ။

"ဝရော ..."

လမ်းကွေ့ကနေ ခပ်ကြမ်းကြမ်း ဝင်လာသည့် ဆိုင်ကယ်တစ်စီးကြောင့် အတွေးက ပြတ်တောက်သွားသည်။ ဆိုင်ကယ်သည် သူ့ဘေးမှာ အတိအကျ ထိုးရပ်သွားခဲ့ပြီး ...၊

"ပစ္စည်းစောင့်ပေး ရဦးမှာလားဆရာ"

"မောင်သိန်းကရော"

"ကိုသိန်းက ထွက်လာခါနီးမှ မိန္မရှိုက်နာနေလို့"

"အေး ... မစောင့်နဲ့တော့ ဖုန်းဆက်ပြီးပြီ"

"ကုန်တွေက အများကြီးပဲ ကျွန်တော် စောင့်လိုက်မယ်လေ ဆရာဆိုင်ကယ် ယူသွားမလား၊ ကျွန်တော်က ဒေါ်ကြူတို့အိမ်မှာ အိပ်လိုက်လို့ရတာပဲ"

"စောင့်ဖို့မလိုဘူးဆိုမှ မင်းတော်တော် ရှည်ပါလား"

တကယ်က ကိုနဲ့အတူတူ ရပ်နေသည့် ခူးကို သတိထားမိသဖြင့် ဆိုင်ကယ်ယူသွားဖို့ ပြောမိတာပါ။ ကိုက ဆူလိုက်ပေမဲ့၊ ကမန်းကတန်း ခေါင်းညိတ်ပြီး ခူးကိုလည်း မျက်လုံး ထပ်ဝေ့ကြည့်ရင်း ...

"ဟုတ်ကဲ့ပါ"

ဆိုင်ကယ်က ရှေ့ထပ်တိုးလာသည်။ ကိုက နောက်က ခွထိုင်ဖို့တိုး၏။ သို့သော် ခူးက ထိုင်ခုံပေါ်ကို သူမရဲ့ လွယ်အိတ်လေးကို လှမ်းတင်လိုက်ပြီး ကြိုးတစ်ဖက်စကို ကိုင်ထား၍ ...၊

"ရှင်သွားရင် ဒီလမ်းဘေးမှာ ခူးတစ်ညလုံး ဘယ်လိုနေရမလဲ"

"ကြိုက်သလိုနေလေ မင်းကိစ္စ ငါနဲ့ဘာဆိုင်လဲ"

"ရှင်ကမြို့ခံလူပဲ ခူးကမိန်းကလေးလေ၊ ဟိုသေတ္တာအိတ် နှစ်လုံးထဲမှာ ခူး ရဲ့အိုင်ဒီရော၊ ဘွဲ့လက်မှတ်ရော၊ ဆာဒီဖိဂိတ်တွေ အကုန်ရှိတယ် ခူးကရှင် ထင်နေတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး"

"ငါ စိတ်မဝင်စားဘူး၊ ဖယ် ..."

သူမအိတ်ကို လက်နဲ့ ပုတ်ထုတ်ချကာ သူဆိုင်ကယ်ပေါ် ခွထိုင်လိုက်သည်။ ဒီအချိန်မှာ ဆိုင်ကယ်ကို မောင်းထွက်လိုက်ရင် ဇာတ်လမ်းက ရှင်းသွားမှာ ပေမဲ့၊ ဒွေးအောင်ကလည်း ဒီတိုင်း ငုတ်တုတ်ကမလှုပ် စက္ကန့်ပိုင်း လောက်လေး မရွှေ့လျှား ဖြစ်လိုက်သည့် ခဏဝယ် ...၊

"ရှင်က ဘာဖြစ်လို့ ခူးကို ဒီလောက် စိတ်ဆိုးနေတာလဲ"

ခူးက သူ့မျက်နှာရှေ့ လာရပ်ပြန်ကာ သူ့အင်္ကျီ ရင်ဘတ်တစ်ခြမ်းကို အမိ အရ ဆုပ်ဆွဲခါလိုက်ပြီး မျက်နှာလေးမော့၍ ...၊

"ခူးကြောင့် ရှင့်မှာ ဘာမှ ထိခိုက်မသွားခဲ့ဘူး၊ ရှင့်ကြောင့် ခူးနှုတ်ခမ်း တောင် ပေါက်သွားတာ ရှင်ကြည့်"

ဟင် ...၊

သူမအပေါ်နှုတ်ခမ်း အလယ်ချိုင့်နေရာလေးက အနည်းငယ် ရောင်နေပြီး သွေးခြည်ဥသကဲ့သို့ သွေးစက်လေးတချို့ကို မြင်လိုက်ရ၏။ နှုတ်ခမ်း ပေါက်သွားသည် ဆိုတာ သူမျှား တစ်မျိုးထင်စရာ ရှိပေမဲ့ ကို့စိတ်ထဲမှာ ဒါ ကိုတွေးချိန် မရလိုက်ဘဲ သူမကို ပါးစပ်ပိတ်ထားမိစဉ် သူ့လက်စွပ်နဲ့ တစ်ခုခု ထိခိုက်မိသွားပြီ ဆိုတာပဲ တွေးလိုက်မိလျက် မျက်လုံးက လက်စွပ် ကို ငုံ့ကြည့်မိပြီးသား ဖြစ်သွားသည်။

ထိုခဏမှာ ဖြစ်သွားခဲ့သော စိတ်မကောင်းခြင်း၊ သနားမိခြင်းတို့သည် သူမအပေါ် ဖြစ်ခဲ့သမျှ မကောင်းခြင်း အရာရာကို တဝုန်းဝုန်း တိုက်ဖျက်ဖြို

ချပစ်ခဲ့လျက် ...၊

"ဖယ်"

သူမလက်ကို ဖြုတ်ချပစ်လိုက်ပြီး ဆံပင်တွေ တစ်ချက်သပ်မိ၏။ သနားဖို့ ကောင်းသွားတာ မှန်ပေမဲ့ သူမကို လက်ခံဖို့က တကယ့်ကိစ္စကြီး အိမ်မှာက ကိုယ်တစ်ယောက်တည်း နေသည်။ အလုပ်လုပ်သည့် နေရာတွေမှာလည်း ယောကျ်ားလေးတွေ ချည်းသာ ...၊

"ဟိုတယ်ကို ပို့မပေးနိုင်ရင်လည်း ဆိုင်ကယ်ကယ်ရီဖြစ်ဖြစ် ..."

ဘာကယ်ရီမှ ဒီအချိန် မရှိတော့ဘူးဆိုတာ မတွေးမိဘူးလား၊ ဒီကာလမှာ ရန်ကုန်မှာတောင် ညဆယ်နာရီဆို လမ်းမပေါ်မှာ လူတစ်ယောက်မှ မရှိတော့တာ တစ်မြို့တစ်ရွာ ရောက်နေတာကို အသိတွေကို ကြိုခေါ်စီစဉ်ထားတာမျိုး မလုပ်ဘဲ ဒီအချိန်ကယ်ရီ လာမေးနေသေးသည်။ သူဘယ်လို လုပ်ပေးရမလဲ ...၊

မျက်စိရှေ့မှာ ဒုက္ခရောက်နေပါတယ် ပြောထားသော မိန်းကလေး တစ်ယောက်ကိုလည်း ထားခဲ့ဖို့ မလုပ်နိုင်။

"ရှင် ခူးကို ဟိုတယ်ပို့ပေးခဲ့ ဖို့လေးတောင် အဲ့လောက်ထိ စဉ်းစား နေရတာလား"

"စဉ်းစားဖို့ မလိုဘူးထင်ရင် မင်းဘာသာ သွားလိုက်လေ"

"ဒီမှာ ဝန်စည်စလယ်တွေနဲ့ ကယ်ရီဘယ်လို ငှားရမှန်းမသိ၊ ဟိုတယ်ဘယ်မှာမှန်းမသိ"

ကယ်ရီခေါ်ပေး ခဲ့နိုင်ရင်တောင် သူမပုံစံနဲ့ အန္တရာယ် ဘယ်လောက်ကြီးမလဲ တွေးမိရဲ့လား။

ကျွတ် ... သူဘာဖြစ်လို့ သူမအတွက်ပဲ တွေးကြည့်ပေးနေမိတာလဲ။

"ဒီနားမှာ ဟိုတယ်မရှိဘူး တည်းခိုခန်းတွေပဲ ရှိတယ်"

ပြောပြီးတာနှင့် ဒွေးအောင်ဘက် လှည့်ကာ၊ သူမပစ္စည်းတွေကို မေးငေါ့ပြရင်း ...၊

"ပစ္စည်းတွေ ခဏကြည့်ထားလိုက် ငါသူ့အရင် သွားပို့လိုက်မယ်"

ဒွေးအောင် ဆင်းနေခဲ့ပြီး သူမကို သူကိုယ်တိုင်ပဲ အရင်ပို့ပေး လိုက်မယ်လို့ တွေးကာ ထွက်လာခဲ့သည်။ သို့သော် သူတို့ရောက်သွားကာမှ တည်းခိုခန်းရှေ့မှာ ဧည့်သည်နဲ့ အပြင်က လူတစ်စု ရန်တွေဖြစ်နေကြတာနှင့် တိုးကာ ...၊

"ကျွတ်"

အလျင်လိုကာမှ အနှေးတွေ့နေရသည့် အဖြစ်က စိတ်ပျက်ဖွယ်ပင်။ ခူးမျက်နှာလေးကလည်း ရှုံ့မဲ့နေကာ ရန်ပွဲက တုတ်ဆွဲခဲ(ဂဲ)ဆွဲတွေ ဖြစ်လာတော့ ကိုယ်လေးနောက် ယို့သွားရင်း တဖြည်းဖြည်းနဲ့ ကို့နောက်မှာ ကွယ်သလိုလေး ရပ်နေရှာ၏။

ကို ခဏစောင့်ကြည့်နေရင်း ဒီပုံစံနဲ့ သူမကိုထားခဲ့ဖို့ ဖြစ်နိုင်ပါ့မလားဆိုသည့် အတွေးတွေနဲ့ တွေဝေနေစဉ် ရဲကားရောက်လာတာ မြင်လိုက်ကာ ဆိုင်ကယ်ကို နောက်ပြန်လှိမ့်လိုက်ရင်း ...၊

"သွားမယ် ... တက် ... "

ကားဂိတ်ကို ပြန်ရောက်တော့ ဆိုင်ကယ်စက်သတ်ပြီး ဆင်းကာ ...

"မင်း ဒီမှာပဲ ငုတ်တုတ် ထိုင်စောင့်မနေရဲရင် သူတို့ ညစောင့်အိပ်ကြတဲ့ နွားခြံမှာ လိုက်အိပ်လို့ရတယ်"

အဲဒါ ရှင့်အိမ်လားလို့ မေးချင်ပေမဲ့ မေးရင်လည်း ဖြေချင်မှဖြေမှာမို့ ရုတ်တရက် မမေးဖြစ်။

"လိုက်ခဲ့အစ်မ ဒီမှာက မကောင်းပါဘူး၊ နွားခြံကလည်း ဆရာ့ခြံပဲ ဆရာနေတဲ့ အိမ်နဲ့လည်း နီးနီးလေးရယ်"

အလိုက်သိလိုက်တဲ့ ကောင်လေး ခူးသိချင်နေတာကို ဝင်ဖြေပေးလိုက်တော့ ပျော်သွားသည်။ မျက်နှာလေး ကြည်စင်သွားခဲ့ပြီး ခေါင်းညိတ်လိုက်တာ ဆတ်ခနဲ ပြီးတော့ သူဖုန်းခေါ်နေတာကို လှမ်းကြည့်မိလျှင် ကိုလည်းပြန်ကြည့်တာနှင့် တိုးကာ ...၊

"သေတ္တာတွေက သော့ပါသလား ..."

အဆင်ပြေပြီကို သိလိုက်ကာ ခူးက ခေါင်းညိတ်ပြလိုက်ပြီး ...၊

"ပါတယ်၊ မာစတာကီးတွေ ရှင်ဖွင့်ချင်ရင် ..."

သူဖုန်းဆက်နေတာမြင်မှ စကားလက်စကို ရပ်ထားလိုက်ရကာ ခူး ပခုံးလေးနှစ်ဖက်ကျုံ၍ ပြုံးလိုက်မိသည်။ ဤသူကို သူမ ဘာကြောင့်များ ယုံကြည်စွာ အားကိုးမိပါလိမ့်။

"အတူတူချထားတဲ့ ပစ္စည်းတွေအကုန် သယ်သွားဖို့ ပြောမလို့ပါ၊ ခရီးဆောင် သေတ္တာနှစ်လုံး ပါသေးလို့၊ အဲဒါ မနက်ကျမှ မောင်သိန်းတို့ လာယူလိမ့်မယ်"

သူဖုန်းဆက်ပြောနေသံ ကြားလိုက်တာနှင့် ခူး ကမန်းကတန်း ပြေးသွားကာ သေတ္တာတွေကို သူ့ကုန်စည်အိတ်ကြီးတွေနား တွန်းလိမ့်ရွှေ့လိုက်သည်။ ပွိုင့်ဒေါက်ကြီး တဒေါက်ဒေါက်နှင့် ပြေးလွှားနေသည့် သူမကို ဋ္ဌေးအောင်က လိုက်ကြည့်နေပေမဲ့ ကို့မျက်နှာက တည်တင်းနေကာ ...၊

"မိန်းမ မမြင်ဖူးဘူးလား"

"မဟုတ်ပါဘူး"

ခူးအနား ရောက်လာတော့ ထိုင်ဖို့နေရာက ပြဿနာ၊ ဋ္ဌေးအောင်က သူ့

သဘောနဲ့သူ ဆင်းလိုက်ပြီး ...၊

"ကျွန်တော်က ဒီနားမှာ အိမ်ရှိနေတာ ဝင်အိပ်လိုက်ရုံပဲ ဆရာတို့ အဆင်ပြေအောင်လို့ပါ"

ကိုဘာမှ မပြောတော့ဘဲ သူပဲရှေ့မှာ ပြောင်းထိုင်လိုက်သည်။ ခူးက စကတ်အကျပ်နဲ့မို့ ဘေးတိုက်လေးပဲ ထိုင်ရကာ ဆိုင်ကယ် ထွက်လိုက်တာနှင့် သူ့ခါးကို သိမ်းကျုံးဖက်ထား လိုက်မိသည်။ ကြိုက်ကြိုက် မကြိုက် ကြိုက်။

***

## အခန်း(၄)

"ကြိုက်လိုက်တာ ကြည့်စမ်း၊ သေတ္တာကြီးက လှလိုက်တာ၊ ဒါ သော့ထင်တယ် ဘီးလုံးလေး ..."

"မဟုတ်ပါဘူးဟဲ့၊ အဲဒါက ဘီးတွေပါ၊ ငါတို့ ကော်သေတ္တာတွေတောင် ဘီးတွေပါတဲ့ဥစ္စာ၊ အဲဒါမျိုးကို ငါမြင်ဖူးတယ်၊ လက်က ဆွဲသွားလို့ရတဲ့ ကိုင်းလည်းပါတယ်၊ ဆွဲထုတ်ရတာ ထင်တယ်၊ နေဦး ဒါလားမသိဘူး"

"ငါကတော့၊ ပန်းရောင် နုနုဖပ်ဖပ်လေးမို့လို့ ပိုကြိုက်တာ ကိုကြီး ဝယ်လာတာထင်တယ်၊ ငါ့ဖို့များလား"

ကြိုင်ကြိုင်က အပျိုဖော်ဝင်စလေးပီပီ လှတာမြင်ရင် သဘောတွေ ကျနေတတ်ကာ၊ မိဘကပြည့်စုံ ချမ်းသာသူမို့ ပူဆာမည် ဝယ်ထားမည် ဆိုသည့် စိတ်ကူးယဉ်မှုလေးတွေ ဆက်တွဲပါတတ်၏။ သူမသည် ဦးသန်းထိုက် ဒေါ်မိမိကိုတို့၏ အငယ်ဆုံးသမီးလေး ကြိုင်ကြိုင်ဖြစ်ကာ၊ မိဘနှစ်ပါး၏ အချစ်တော်လေး။ သို့သော် ...၊

"အမလေး နင့်အစ်ကိုကြီးလား၊ နင့်အတွက် ဝယ်လာမှာ နောက်ပြီး သေတ္တာကဖြင့် အလေးကြီးပဲ၊ အထဲမှာ ဘာတွေပါသေးတယ် မသိဘူး၊ အသစ်ဝယ်တာဆိုရင် အခွံကြီးပဲ နေမှာပေါ့"

"ဘာတွေ တွတ်ထိုးနေကြတာလဲ နှစ်ယောက်သား၊ ကုန်တွေရောက်လာတာကို စိတ်မဝင်စားစဖူး"

ဒေါ်မိမိကိုက သမီး ဘယ်ရောက်နေလဲ ဟိုဒီလိုက်ကြည့်ရင်း ဂိုဒေါင်ထဲကို

ရောက်လာတာ ဖြစ်ကာ ...၊

"ပူစူးက ဘယ်လိုဖြစ်လို့ စောစောစီးစီး ရောက်နေတာလဲ"

"အဟွန်း ... ဒီနေ့ အဖေတို့ မိတ္ထီလာက အမေကြီးတို့ဆီ သွားကြတာလေ သမီးကနေခဲ့တာ"

"ဟုတ်လား ... ကျန်းမာရေး မကောင်းလို့များလား"

"ဟုတ်တယ် ဒေါ်ကြီးမီ အမေကြီးက မက်ကလောင်ဝင်နေတာ"

"ဟဲ့ ဟုတ်လို့လား"

ပူစူးက ခေါင်းညိတ်ပြရင်း မျက်နှာကလည်း မဲ့ရွဲ့နေကာ ...၊

"စအိုပေါက်ကြီးက ကျယ်ပြီး အီးက ဒီတိုင်းနဲ့ ထွက်ကျနေတာ၊ လူမမာဆိုတော့ လာပါဦးဆိုရင်လည်း အနားမကပ်လို့ မကောင်းဘူးလေ တအားနံစော်နေတာကြီးကို ဘယ်လိုလုပ် ကပ်မလဲနော့်၊ ဟီး အဲဒါကြောင့် အကြောင်းတွေပြပြီး နေခဲ့တာ သမီးက အမေကြီးကို ချစ်ပါတယ်၊ ဒါပေမဲ့ အီးတော့ မချစ်ဘူး"

ဒေါ်မီမီကို စိတ်မကောင်းသည့်ကြားက ပြုံးလိုက်မိရင်း၊ မျက်လုံးက ပန်းနုရောင် သေတ္တာနှစ်လုံးဆီ ရောက်ပြီး မျက်မှောင်ကုတ်သွားကာ ...၊

"ဒါ ဘယ်သူ့ဟာတွေလဲ"

"ညက ကိုကြီးနဲ့ မှာလိုက်တဲ့ ရန်ကုန်က ကုန်တွေနဲ့ ပါလာတာလေ"

"ဘာဆိုင်လို့တုံး၊ ကုန်က ကားအပိုပစ္စည်းတွေနဲ့ တခြားဟာတွေဥစ္စာ၊ ပြစမ်း"

သေတ္တာနားရောက်တော့ လက်ကတွန်းကြည့်ပြီးသား ဖြစ်သွားကာ ...

"အလေးကြီးပဲ အထဲမှာ အဝတ်တွေထင်တယ်၊ ဒါ တစ်ယောက်ယောက်ဟာ ဖြစ်မယ်"

ပန်းရောင်လေး ဖြစ်နေတာကို သတိထားလိုက်မိပြီး၊ မိန်းကလေးတစ်ယောက်ရဲ့ ပစ္စည်းများလားလို့ တွေးလိုက်မိသည်။

"ဒါပါလာတာကို ကိုက ဘာမှ မပြောလိုက်ဘူးလား"

"မပြောလိုက်ဘူး အစ်မ"

ညကပစ္စည်းတွေ သွားသယ်သည့် ကားကိုမောင်းသော ဦးအန်းက အထုပ်ကြီးတစ်ထုပ် လာထည့်ပြီး နေရာချနေရင်းက ...၊

"ညတုန်းက ဘောစိပြောတာလည်း အဲဒီမှာ ကုန်တွေနဲ့အတူ ကပ်ထားတာတွေ အကုန်တင်လာခဲ့လို့ပဲ ပြောတာ ဘာမှထပ်မပြောဘူး"

ထိုစဉ် ဆိုင်ကယ်သံ ကြားလိုက်ရပြီး မကြာခင် ဋ္ဌေးအောင် ရောက်လာကာ ...

"ဆရာ့ဆီက ဒီနေ့ ဆန်အိတ်ဆယ်လုံး ထုတ်မှာမို့လား၊ သုံးဘီးကျွန်တော် မောင်းသွားမယ်၊ ဒါနှစ်လုံးပါ တင်သွားရမှာမို့လို့"

ဋ္ဌေးအောင်ကို မြင်လိုက်တော့ ကိုနဲ့အတူ ရှိနေတတ်သူမို့ ညကကိစ္စ သူသိမှာကို တွေးမိကာ ဒေါ်မီမီကို အားတက်သရော ဖြစ်သွားကာ ...

"ဒါ ဘယ်သူ့ဟာတွေလဲ ဋ္ဌေးအောင် ပုံစံမြင်တာနဲ့ ငါသိတယ်၊ ဒါ မိန်းကလေး တစ်ယောက်ပိုင်တဲ့ ပစ္စည်းတွေ"

"ဟုတ်ပ"

ဋ္ဌေးအောင်မျက်နှာ ချက်ချင်း စပ်ဖြဲဖြဲ ဖြစ်သွားသဖြင့် ဒေါ်မီမီကို့ မျက်နှာတည်သွားသည်။ သားရှင်တွေထဲမှာ ဒေါ်မီမီကို့လောက် ကင်းကင်းတုန်တာ မရှိဘူး" လို့တောင် ပါးစပ်ရာဇဝင် တွင်ခဲ့တာ နည်းနည်းနောနော သဝန်တိုစိတ်လား။ သားကလည်း ဒီအသက်အရွယ်ထိ မိန်းမဆို စိတ်ဝင်စားပုံလည်း မပြ ရှုပ်ရှုပ်ပွေပွေဆိုတာ ဝေးသေးသည်။ ဒါကို ဒေါ်မီမီကိုတို့ ဂုဏ်ယူလို့ မ

ဆုံးပါ။

"တော်ကြာ အစ်မသားအကြီးကောင် ယောကျ်ားချင်း ကြိုက်နေဦးမယ်"လို့ ပြောတဲ့သူကပြော၊ ကိုယ်သိတာပေါ့ သားက ဒီလိုယောကျ်ားမျိုး မဟုတ်တာကို ဒါပေမဲ့ ဟုတ်နေရင်တောင် ဟုတ်နေကာမှပဲ ရင်ထုအော် တော့မည်။ ကိုယ့်သားရဲ့ဘေးမှာ မိန်းကလေး တစ်ယောက်ယောက် ရှိနေ သည့်အဖြစ်ကို ကြားတောင်မကြားနိုင်ပါ။

"ဘာလဲနင့်မျက်နှာက ငါ့သားက ရည်းစားထားနေတာလား"

"မဟုတ်လောက်ဘူး ထင်တာပဲ"

မဟုတ်လောက်ဘူး ထင်တာပဲဆိုတော့၊ ဟုတ်လောက်သေးတယ်လို့ ဆိုလိုတာလား။ ဒေါ်မီမီကို စိုးရိမ်မှုတ်တွေ ထိုးတက်သွားသည်။

"ဘယ်သူလဲ ... ဘယ်ကလဲ ဒီသေတ္တာတွေ သူက ဘာလို့ သယ်လာတာလဲ"

"ဩော် အမေကလည်း ရုပ်ရှင်တွေထဲမှာ မတွေ့ဖူးတာကျလို့၊ ခိုးရာလိုက်မယ်ဆို မင်းသမီးက အိမ်ပေါ်ကနေ အဝတ်ထုပ်ကြီးတွေ ဘုန်းဆိုပြီး ပစ်ချလိုက်တာ အဲဒီအထုပ်ကြီးကို မင်းသားက ယူထားပြီး မင်းသမီးက နောက်မှ လှလှပပလေး ပြေးထွက်လာတာလေ အဲ့လိုနေမှာပေါ့"

"အဟုတ်မှတ်လို့ နားထောင်နေတာ ဘာတွေလျှောက်ပြောနေတာလဲ ဒီကောင်မလေး"

"မယုံရင်ကြည့်နေ၊ အစ်ကိုမိန်းမ ခိုးလာတာ"

"ကြိုင်ကြိုင်"

ဒေါ်မီမီကို နေရာတကာမှာ သဘောထားကြီးနိုင်သည်။ သားနဲ့ပတ်သက်ရင် ဒေါသရှေ့ရောက် ...၊

"ကျွန်တော် ယူသွားမယ်နော်"

ဒေါသစက်ကွင်း မလွတ်လောက်ဘူးဆိုတာ တွက်မိတာနှင့် ဌေးအောင်က သေတ္တာတွေကို ယူပြီး လစ်ထွက်ဖို့ပြင်၏။ ဒေါ်မိမိကိုက ခြေလှမ်းပြင်လိုက်တာနှင့် ရိပ်မိပြီးဖြစ်ကာ၊

"နင် မြင်ဖူးတယ်မို့လား၊ ပြောစမ်းငါ့ကို သားနဲ့ အဲဒီမိန်းကလေးပုံစံ"

"မြင်ဖူးတာပေါ့၊ လှလိုက်တာမှ ရှုံးကေ့စ်ထဲ ထည့်ထားဖို့ ကောင်းအောင်လှတာ"

ဟင် ...၊

"အရုပ်မလေးတွေလို ဆံပင်ကောက်ကောက် အရှည်ကြီးနဲ့ မျက်လုံးဝိုင်းဝိုင်း မျက်တောင်ကော့ကော့ ကိုယ်လုံးကဆိုတာ ဒေါက်မြင့်ဖိနပ်နဲ့ ဘယ်လိုလိုက်မှန်း မသိဘူး၊ ထင်းရှင်း ချပ်ကပ်နေရော"

"ဟဲ့ ငါမေးတာအဲဒါတွေ မဟုတ်ဘူး"

စိတ်တိုတိုနှင့် လက်မောင်းကို ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီးမှ ...၊

"ဘယ်မှာ မြင်ဖူးတာလဲ၊ နင်က ဘယ်မှလည်း လိုက်မသွားဖူးဘဲနဲ့၊ အဲဒီမိန်းကလေးက ပျော်ဘွယ်ကို လာတာလား၊ အောင်မလေးနော် ခုခေတ်မိန်းကလေးတွေများ ကြောက်ဖို့ ကောင်းလိုက်တာ"

ကိုယ်လည်း သမီးလေး မွေးထားတာကိုခက်ပ့ါ။

ခေါင်းပွတ်သလိုလို မျက်နှာငုံ့ပစ်ရင်း ဌေးအောင်စိတ်ထဲကနေ ပြောလိုက်မိကာ ...၊

"အဟမ်း ... အဲဒီအစ်မက"

"ဘာလဲ မြန်မြန်ပြောစမ်းပါ၊ ငါ့သားထက် ငယ်သလား ကြီးသလား၊ ဘာလုပ်လဲ၊ စီးပွားရေး အခြေအနေကရော အဲဒါတွေ ပြောတာပါ၊ ယောက်ျားလေးတွေ မိန်းမယူဖို့ စိတ်မဝင်စားဘူး မဝင်စားဘူးနဲ့ စိတ်လည်းဝင်စား

ရော တွေ့ကရာ ကောက်ယူကြတော့တာပဲ ကျိုးကန်းစွေစောင်း မုဆိုးမ တစ်ခုလပ် ဘာဖြစ်ဖြစ်"

"ညတုန်းက ကြည့်ရသလောက်တော့ ..."

"ဘာည ညက ပါလာတာပေါ့၊ တော်ပြီ နင့်ကိုမမေးတော့ဘူး သုံးဘီးနဲ့မ သွားနဲ့ ကားထုတ်လာခဲ့"

"ဟာ ဒေါ်လေး၊ ဒေါ်လေး မဟုတ်ဘူးလေ အဲဒါကဒီလိုမျိုး ..."

ဒေါ်မီမီကို ချက်ချင်းထဘီမပြီး ဂိုဒေါင်ထဲကထွက်တော့ ဌေးအောင် မျက်လုံးပြူးသွားသည်။ သို့သော် ဂိုဒေါင်ဘက်ကို ကူးလာသည့် ဦးသန်း ထိုက်နှင့် ဒေါ်မီမီကိုတို့ မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့ပြီး ...၊

"ဒေါ်အေးသောင်းတို့ သားအမိ လာနေတယ်၊ ခင်ဗျားအကြွေးကိစ္စ ကိုယ့် ဘာသာ သွားရှင်းလိုက်တော့"

ဦးသန်းထိုက်က ဒေါ်မီမီကိုထက် အသက်ရှစ်နှစ် ပိုငယ်သည်။ ထို့ကြောင့် ဦးသန်းထိုက်နဲ့ ပတ်သက်လာတိုင်း ဒေါ်မီမီကိုက နေရာတကာ အလိုက်သိ တတ်လွန်းလျက်၊ တစ်ခါတလေ မောင်တစ်ယောက်လို၊ တစ်ခါတလေ သားတစ်ယောက်လို အမျိုးမျိုးသော နားလည်ခြင်းတို့ဖြင့် ...၊

"ဩော်၊ ငါလုပ်သမျှ အလုပ်တွေလည်း မင်းသိတာပဲ ကိုထိုက်ရယ်၊ ဟိုမှာ အကြီးကောင်ကို သွားဆုံးမ မလို့"

"ဘာဖြစ်လို့တုန်း ကိုက"

"အထဲမှာ ဝင်ကြည့်ပါလား၊ ခရီးဆောင် သေတ္တာတွေနဲ့၊ သူက ကောင်မလေး ခေါ်လာတာ"

ဟင် ...၊

ဦးသန်းထိုက် တအံ့တဩကြီး ဖြစ်သွားပြီး ဂိုဒေါင်ထဲကို လှမ်း

ကြည့်သည်။ သို့သော် ဘာမှလည်း အပြင်က လှမ်းမမြင်ရပါ။

"အဝတ်သေတ္တာလေး ပါလာတာနဲ့ပဲ ခင်ဗျားပုံစံက ကမ္ဘာနှစ်ခြမ်း ကွဲတော့မှာကျနေတာပဲ မမီရာ၊ ကိုယ့်သားပုံစံကိုကြည့်ပြီး နည်းနည်းပါးပါး ချင့်ချိန်စမ်းပါဦး၊ ကိုကရော မိန်းကလေး ခိုးလာတဲ့ အခြေအနေထိ ရောက်နေရင် ခင်ဗျားကိုဘာမှ အသိမပေးဘဲ နေမှာလား၊ သူ့ဟာသူ ဘယ်မှာနေနေ မိဘက မိဘပဲ"

***

## အခန်း(၅)

"ဘုန်း ... ဘုန်း ..."

ထုနှက်နေတာ ဘယ်လောက်ကြာပြီမသိ။ နားထဲမှာ ဆူညံပွက်လော ရိုက်နေတဲ့အထိ ခူးအိပ်ရာက မထချင်ဘဲ ဖြစ်နေခဲ့သည်။ အေးလိုက်တဲ့အအေး တောင်ကြီး ရောက်တုန်းကတောင် ဒီလောက်မအေးခဲ့ဘူး ထင်မိသည်။ ဒါမှမဟုတ် စောင်မပေး ခြင်ထောင်မပေးနှင့် ခေါင်းအုံးလေး တစ်လုံးနဲ့ ခုတင်ပေါ်မှာ တစ်ညလုံး လှိမ့်နေခဲ့ရတာ အိပ်လို့ပျော်တစ်ဝက် နိုးတစ်ဝက် မို့လို့လား။

"ဘုန်း ... ဘုန်း ..."

ခူးကိုယ်ပေါ်မှာ စုပုံထားသည့် အဝတ်တွေကို ဖြစ်သလို ဖယ်ရှားတွန်းချပစ်လိုက်ပြီး ငုတ်တုတ်ထထိုင်မိသည်။ အချိန်ဘယ်လောက် ရှိနေပြီမှန်း မသိသော်လည်း ခေါင်းရင်း ပြတင်းပေါက်က ပူပြင်းစွာ ဝင်နေသည့် နေအရှိန်အရ အတော်နေမြင့်နေပြီဆိုတာ သေချာပါသည်။

"လာပြီ ... လာပြီ"

ထနိုင်တာနှင့် တံခါးပြေးဖွင့် လိုက်ပေမဲ့၊ မျက်နှာမရသည့်အပြင် အပြင်မှာ မျက်နှာထိ မျက်နှာထားမျိုးစုံနှင့် ရပ်နေကြတာ လူအုပ်ကြီးက နည်းတာ မဟုတ်။ ထို့ပြင် တံခါးဖွင့်လိုက်တာနဲ့ အခန်းထဲကို လှမ်းကြည့်ကြတာ အလုအယက် အထဲမှာရှိနေသော မြင်ကွင်းသည်လည်း ယောကျ်ားလေး အင်္ကျီအဝတ်အစားတို့က ခုတင်ပေါ်မှာတချို့၊ ခုတင်အောက်မှာတချို့ ဖရိုဖရဲ

ပြန့်ကျဲနေ၏။

ကြမ်းပေါ်မှာ ပွင့်လျက်သား လက်ဆွဲအိတ်နှင့်အတူ ဖိနပ်တွေက စုံလိုက်ဆိုတာမရှိ၊ တစ်ဖက်စီ တစ်ရန်စီ ပြန့်ကျဲရှုပ်ပွလျက် ...၊

"အမလေးတော်"

ဒေါ်မီမီကို တအံ့တသြ ရေရွတ်ရင်း မွစာကြဲနေသည့် အိပ်ခန်းနှင့်ရှေ့မှာ ရှိနေသော ဆံပင်ဖားလျား အိပ်မှုန်စုံမွှားနှင့် ခူးကို တစ်လှည့်စီကြည့်လို့ မပြီးနိုင်။ ခင်ပွန်းသည်၏ တိုက်တွန်းစကားအရ သားဖြစ်သူနဲ့ အရင်ဖုန်းပြောပြီးမှ ဒီကိုလိုက်လာတာပါ။

"ပါလာတာဟုတ်တယ်၊ သူသွားရမယ့် လိပ်စာ ပျောက်နေလို့လည်း ညအချိန်မတော်ကြီး မြို့ဝင်တာမို့လို့ တစ်ညတည်းတာပါ၊ ကျွန်တော်နဲ့ သိတောင်မသိဘူး" တဲ့။

လိုချင်တာ ဒါပဲဖြစ်သည်။ သားနဲ့မပတ်သက်ဘူး ဆိုတာ သိလိုက်ပြီးနောက်မှာ မရိုင်းစိုင်းတတ်သည့် စိတ်က လိုအပ်တာလေးရှိရင် ကူညီပေးလိုက်ဖို့ စိတ်ကူးလေးတောင် ပါလိုက်သေးသည်။ ဒီထိလာရတာကတော့ ဒီအိမ်မှာထပ်ပြီး သောင်တင်နေမှာ စိုးရိမ်၍ဖြစ်သည်။ သို့သော်မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသည့် ပုံစံက သူမကို ဘာဆက်ပြောရမှန်း မသိလောက်အောင် ဖြစ်စေခဲ့လျက် ...၊

"နေပါဦး ရန်ကုန်ကလူတွေ ဒီတိုင်းပဲနေကြတာလား"

"ဟုတ် ...၊ အဲ့ မဟုတ်ပါဘူးအန်တီ ဟို ညက အရမ်းအေးလို့ တန်းပေါ်မှာ တွေ့တဲ့ တဘက်တွေနဲ့ အထည်တွေ ဆွဲချပြီး ကိုယ်ပေါ်မှာ ပုံအိပ်လိုက်တာပါ၊ အဲဒါ ဟို အိပ်မရတာနဲ့ မိုးလင်းခါနီးမှ အိပ်ပျော်လို့ မနိုးတော့တာ"

"သြော် ... သြော်"

ရွှဲ့သလိုငေါ့သလို ခေါင်းညိတ်နေတာကို ခူးက အပြုံးတွေ ဖုံးပေါလအောပေးပြီး ကျပ်ကပ်နေသည့် အင်္ကျီကိုဆွဲချလိုက် ဆံပင်တွေ သပ်မိလိုက်။

"နင့်သေတ္တာနှစ်လုံး ယူလာတယ်၊ သွားစရာရှိတာ အချိန်နဲ့သွားလေ ဒီမှာက ယောက်ျားလေးတွေချည်းနေတာ တော်ကြာ နွားအငှားတွေ ရောက်လာကြရင် လူဝင်လူထွက်တွေ ရှုပ်မယ် ပြီးရင် ကောင်လေးတွေ အကုန်မရှိကြတော့ဘူး"

"ဟို ... ဦးကိုရောဟင်"

"ဟမ် ...၊ ဘာလဲ ဦးကိုဆိုတာ ငါ့သားကို ပြောတာလား"

ညအိပ်လေး လက်ခံလိုက်တာနဲ့ မသိတဲ့ ယောက်ျားတစ်ယောက်ကို သင်းကမေးလား မြန်းလားနဲ့ပါလား။ ဒါမျိုးတွေ ဖြစ်လာမှာထင်လို့ ခင်ပွန်းဖြစ်သူ တားနေတဲ့ကြားက ဒီသေတ္တာနှစ်လုံး အကြောင်းပြပြီး လိုက်လာခဲ့တာပါ။ နောက်မှာပါလာသည့် ကြိုင်ကြိုင်နှင့် ပူစူးတို့က ခူးကိုပဲ ငေးနေကြတာ နှုတ်ခမ်း မစေ့နိုင်သေး ခြံထဲမှာ အလုပ်လုပ်ကြသည့် ငွေအောင်နဲ့ ကောင်လေးတွေ ကတော့ ခဏပဲရပ်ကြည့်ကြပြီး အလျှိုအလျှို ပျောက်သွားကြ၏။ ဒေါ်မီမီကို မျက်နှာ တင်းသွားကာ ...

"ငါ့သားက ဦးတပ်ခေါ်ရလောက်အောင် မကြီးသေးဘူး မယ်မင်းကြီးမ၊ ခုမှ အသက်သုံးဆယ်တောင် မပြည့်သေးဘူး"

"ဟုတ်ကဲ့ ခူးက နာမည်မသိလို့ပါ၊ သူများခေါ်သလို ခေါ်လိုက်မိတာဆောရီးပါ"

"ဘာကို ဆောရီးလဲ"

အယ် ... ဆောရီးလည်း မရပါလား၊ ခူးမျက်နှာလေး မဲ့သွားသည်။ ကိုယ့်ဥာနေမှာ ဆိုရင်တော့ လူတစ်ယောက်ကို ပြောချင်စိတ် မရှိတော့ဘူးဆို ဝါး

နေသည့်ပီကေကို မှုတ်ထုတ်၍ ဒါမှမဟုတ် ပီကေတစ်ခု အသစ် ပါးစပ်ထဲ ပစ်ထည့်ပြီး ကျောခိုင်းထွက်ခဲ့ရုံ။ ခုကျတော့ အခြေအနေသည် ...၊

"နင့်ကို နောက်ထပ် ကူညီလိုက်မယ် လိပ်စာပြော သုံးဘီးနဲ့ ပို့ခိုင်းပေးမယ်"

"လိပ်စာက ..."

"မတွေ့သေးဘူး မပြောနဲ့နော်၊ အဲ့လိုပုံစံ လာမချိုးနဲ့ တွေ့တွေ့မတွေ့တွေ့ ငါ့အိမ်ပေါ်က ဆွဲချပစ်မှာ"

ခူးမျက်နှာလေး အနီရောင် သန်းသွားသည်။ မိုးလည်းလင်းနေပြီ။ ဘာလို့ ဒီလောက်ပြောဆို နေတာကို သည်းခံနေရမှာလဲ။

"ဆွဲချစရာမလိုဘူး အန်တီ၊ ညတုန်းက လမ်းမဘေးမှာ မနေရဲလို့ ဒီမြို့အကြောင်းလည်း ဘယ်နေရာ ဘာရှိလဲ လုံးဝမသိလို့ တည်းခိုဖို့တောင် မရှာနိုင်တဲ့ အချိန်ကြီးမို့ အကူညီတောင်းမိတာ၊ အခု လိပ်စာတွေ့တွေ့ မတွေ့တွေ့ ပူမနေဘူး"

အံမာ သင်းက ....။

ဒေါ်မီမီကို မျက်နှာတင်းသွားမှ ခူးက ပြေပြစ်အောင် ပြန်လျှော့ချရင်း ...၊

"ညက အိပ်ခွင့်ပေးတာကိုတော့ ကျေးဇူးတင်ပါတယ်"

ဘာကိုတော့ ကျေးဇူးမတင်ဘူးလဲ။

ပြောပုံကကြည့်ဦး မျက်တောင်စင်းစင်းနဲ့ လူကို စောင်းကြည့်ပြီး မပြောချင်သလိုလို ရွဲ့တာလိုလို၊ ခူးက လှည့်ဝင်သွားပြီး ဖိနပ်တွေကို သေချာပြန်စီကာ ခရီးဆောင်အိတ်ထဲ ထည့်သည်။ ပြီးတော့ ဖြစ်သလို အိတ်ကိုဆွဲပြီး ဒီတိုင်းထွက်လာ၏။ မျက်နှာမသစ် ခေါင်းမဖြီးဘဲနဲ့တောင် လှနေသည့်ခူးကို ကြိုင်ကြိုင် သဘောတွေ ကျနေခဲ့လျက် ...၊

"အစ်မ မျက်နှာသစ်ဦးလေ"

ခူးက မျက်လုံးမှေးမှေး နှုတ်ခမ်းထူထူနှင့် ခင်တတ်ပုံပေါ်သည့် ကြိုင်ကြိုင်ကို ပြုံးပြပြီး ...၊

"ရတယ်"

"လိပ်စာရော မရှာတော့ဘူးလား"

"ရတယ်"

သစ်သားအိမ်လေးပေမဲ့၊ အုတ်လှေကားလေးနဲ့မို့ ခူးလှေကား သုံးထစ်ကို ဆင်းပြီး မျက်လွှာ ပြန်အပင့်တွင် ဆိုင်ကယ်လေးစီး ဆက်တိုက် ခြံထဲကို ဝင်လာကြတာ မြင်လိုက်ရပြီး ...၊

"အစ်ကိုကြီး လာပြီ"

ကြိုင်ကြိုင်က အမေအကြောင်း သိသည်။ ကို ဝင်လာတာကို အားရဝမ်းသာ ပြောလိုက်ပြီးမှ မျက်နှာလေးကို ချက်ချင်းပြန်တည်၏။ ခူးလည်း ဘာကို မျှော်လင့်တာမှန်း မသိဘဲ သူ့ကိုမြင်တာနှင့် ခြေလှမ်း တုံ့သွားမိသည်။ သို့သော် ကိုက ဒီဘက်ကို လာတာလည်းမဟုတ်၊ လှမ်းကြည့်ဖော်တောင် မရ ...၊

ခူး မျက်နှာလွှဲလိုက်ပြီး လှေကားထစ်ပေါ် မေးတင်နေသည့် အိတ်ကြီးကို သတိလက်လွတ် ဆွဲချလိုက်လျှင် အိတ်က ဝိတ်နဲ့ ခြေထောက်ကို ရိုက်ချလိုက်သလို ဖြစ်သွားကာ ...၊

"အား ..."

စူးစူးဝါးဝါး အော်သံကြောင့် ဆိုင်ကယ်ပေါ်က ဆင်းလိုက်ရင်း ကိုက လှည့်ကြည့်သည်။ ခြေခေါက်လဲတာပေမဲ့ အကျမလှသည့် ခူးအဖြစ်က လှေကားခြေရင်းမှာ ကိုးရိုးကားရား ...၊

သို့သော် သူမ လွယ်ထားသည့် အိတ် ပြုတ်ကျကာ ပွင့်ထွက်သွားခြင်း သည် အမြတ်။

ဟင် ...၊

ပီကေ အိတ်ခွံတွေထဲမှာ တွန့်ကြေနေသည့် စာရွက်ခေါက်လေးတစ်ခု။ ခူး ပျော်သွားသည်။ လူတွေ ဝိုင်းကြည့်နေကြတာ ဒူးနာသွားတာတွေကို သတိမ ရတော့ဘဲ နှုတ်ခမ်းနီဘူးတွေ တခြားအသုံးအဆောင် တန်ဆာပလာတွေ ကြားက စာရွက်ခေါက်လေးကို ကမန်းကတန်း ကောက်ယူလိုက်၏။ ဒေါ် ဇီဇဝါ လာပေးတုန်းက လက်သုံးလုံးလောက်ပဲ ရှိသည့် စာရွက်လေးနဲ့ပါ။ ဒါ ကို သူမ ခုမှ သတိရသည် စာရွက်ခေါက်ကြီးတွေကိုပဲ မြင်ယောင်ပြီး သည်း မည်းရှာနေမိတာမို့ ဒါလေးကို ညက ရှာကြည့်ရင်း မြင်ရဲ့သားနဲ့ မကြည့်မိ။

"အစ်မ ထနိုင်ရဲ့လား"

ကောင်လေးတစ်ယောက် ပြေးလာပြီး မေးဖော်ရ၏။ ပြီးတော့ ပွင့်ထွက် သွားသည့် မိတ်ကပ် နှုတ်ခမ်းနီကအစ အိတ်ဆောင် အတိုအထွာလေးတွေ ကို ကမန်းကတန်း လိုက်ကောက်ပေးပြီး ထွက်ကျနေသည့် ဖိနပ်ဘူးတွေကို လည်း အိတ်ကြီးထဲ ပြန်စီထည့်ပေး၏။ ကြိုင်ကြိုင်တို့လည်း အနား ရောက်လာကြကာ ...

"အစ်မ ထူပေးရမလား"

"ရတယ် ... ရတယ်၊ ကျေးဇူးပဲ"

ပြောပြီး ကိုယ့်ဘာသာ ထရပ်လိုက်ရင်း ကောင်လေး ကမ်းပေးသည့် ဘေး အိတ်လွယ် ခရီးဆောင်အိတ်ကို ယူ၍ ပခုံးမှာချိတ်လိုက်သည်။ ဟန်လုပ်ပြီး မတ်မတ်ရပ်လိုက်ရပေမဲ့ ခြေချင်းဝတ်မှာ တစ်ခုခုဖြစ်သွားပြီး ကိုယ့်ကိုယ် ကိုယ်သာ သိနေကာ ...၊

"လိပ်စာကတွေ့ပြီ၊ မောင်လေး အစ်မကို ကားထွက် ခေါ်ပေးပါ့လား"

"ဗျာ၊ ကားက ဘယ်က ခေါ်ရမှာတုံး၊ သုံးဘီးလား"

ဒီမှာ တက္ကစီ မရှိဘူးလားမသိ။ ခူး ခေါင်းညိတ်လိုက်ကာ ...၊

"သုံးဘီးပဲရှိရင် သုံးဘီးပေါ့"

"သုံးဘီးလည်း လိုချင်တိုင်း လမ်းမ ထွက်ခေါ်လို့ မရဘူးအေ့"

နားကြားမြင်ကတ်နေသည့် လေသံနှင့် ဒေါ်မီမီကိုက ဝင်ပြောသည်။ လိုက်ပို့ပေးမယ် ပြောတာတောင် သင်းက မာနတွေနဲ့ သူမကို ဒီတိုင်းကြည့်နေ လိုက်ချင်စိတ်တွေလည်း ဖြစ်မိ၏။ သို့သော် မိန်းမလှလေး တစ်ယောက် ဒီပုံစံနဲ့ လမ်းမပေါ်ထွက်ပြီး ယောင်လည်လည် ဖြစ်နေမှာကိုလည်း စိတ်က မဖြောင့်။

"မိုးဆန်းရေ အိမ်က သုံးဘီးနဲ့ လိုက်ပို့ပေးလိုက်"

သေတ္တာနှစ်လုံးက မချရသေးသဖြင့် မိုးဆန်းက ဖိနပ်အိတ်ကြီးကိုပဲ သူမ ဆီကနေယူကာ သုံးဘီးပေါ် သွားတင်လိုက်ပြီး ...၊

"အစ်မ အခု တန်းထွက်မှာလား"

မျက်နှာက မသစ်ရသေး၊ ဆံပင်ရှည်တွေက မသေသပ်၊ ဝတ်လာကာစ ရဲရဲနီစွေးသော ဝတ်စုံက နွမ်းဖပ်ဖပ်ပုံ ပေါက်နေသဖြင့် တောက်ကြွားမှုတို့ လျော့ပါးနေကြ၏။ ခူးက ကို့ဆီ လှမ်းကြည့်နေတာမို့ မိုးဆန်းမေးတာကို မဖြေနိုင်။ နွားတွေဆွဲထွက် လာသူတွေနှင့် ညှော်သည်တွေ ရှုပ်သထက် ရှုပ်လာသည့်ကြားမှာ ကိုနဲ့သူ့ကောင်လေး သုံးယောက်က ဘာတွေပြောဆို အလုပ်များနေကြသည် မသိ။

ကိုယ်နဲ့မသက်ဆိုင်တာကို သိပေမဲ့ နည်းနည်းလေးတော့ ပတ်သက်ခဲ့ကြသည် မဟုတ်ဘူးလား။ စေတနာရှိလို့ဖြစ်ဖြစ် မရှိဘဲနဲ့ဖြစ်ဖြစ် အိမ်မှာ

တောင် ညအိပ်ခွင့် ပြုခဲ့သေးတာ ပြန်တော့မယ် ဆိုတာကို ဘာဖြစ်လို့ ဒီလောက်တောင် နေစိမ့်ရတာလဲ။

ဂျာကင်သည်ညက ဂျာကင်ပဲဖြစ်ကာ၊ ဂျင်းဘောင်းဘီရှည်နှင့် သူ့ပုံစံက အများထဲမှာ ထင်းနေသည်။

"ကောင်မလေး မေးနေတာ ဖြေလိုက်လေ"

ကို့ကိုငေးနေတာမြင်တော့ စိတ်ကတိုသွားသည်။ ခူးကလည်း လှည့်ကြည့်သဖြင့် ဒေါ်မီမီကို မျက်စောင်းနှင့် တည့်တည့်တိုး၏။

"ဟုတ် ... အင်း ... ခုပဲသွားမှာ"

ပြန်ဖြေရင်း လိပ်စာကို ပြန်ကြည့်ပြီး ဖွင့်ဖတ်ပြမိကာ ...၊

"ရှမ်းပွဲရပ်ကွက်"

ဟင် ...၊

ဒေါ်မီမီကို မျက်လုံးပြူးရုံသာမက မျက်ခုံးတွေပါ ဆတ်ခနဲ ခုန်တက်ကုန်၏။ မိုးဆန်းလည်း ပါးစပ်အဟောင်းသားနှင့် ဒေါ်မီမီတင်ကို လှည့်ကြည့်သည်။

"ရှမ်းပွဲ ဟုတ်လား"

"ဟုတ်တယ်"

"နင်သွားမှာ ဘယ်သူ့ဆီလဲ"

ဘာတွေပြူးပြဲ နေကြတာလဲဆိုသည့် ကြောင်တောင်တောင် အကြည့်နှင့် ...၊

"ဦးသန်းထိုက်၊ ဒေါ်မီမီကိုတဲ့"

"ဘယ်လို"

"ခူးက ဦးသန်းထိုက်ရဲ့သမီး"

"ညည်းက ..."

ဒေါ်မီမီကို ခူးကို လက်ညှိုးသာ ထိုးနေပြီး ဘာစကားမှလည်း ပြောထွက်မလာ။

အကုသိုလ်က ခြေထောက်ကြီးနဲ့ပါလား။

***